www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
(၈၆၈/ ၂၀၀၁) (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
(၁၀၇၆/ ၂၀၀၁) (၁၂)

မျက်နှာဖုံးနှင့်အတွင်းပန်းချီ
မောင်မောင်သိုက်
စံတိုး ကျော်သောင်း တင်မောင်မြင့်

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၂-ဇန်နဝါရီလ

အုပ်ရေ
(၁၀၀၀)

စာအုပ်တန်ဖိုး
၂၂၅ ကျပ်

ဦးသန်းဆွေ(မြ-၀၁၄၇၃) စစ်သည်တော်စာပေ
အမှတ်(၁၁၃၁/က) ဥယျာဉ်လမ်း ၁၃-ရပ်ကွက် တောင်ဒဂုံမှ
ထုတ်ဝေ၍
ဦးထွန်းထွန်းဦး(မြ-၀၆၃၂၆) အင်ကြင်းဦးပုံနှိပ်တိုက်
အမှတ်(၁၅) တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်မြို့တွင်
ပုံနှိပ်သည်။

ဖြန့်ချိရေး
Perfect
အမှတ်(၂၂၄) ၃၁လမ်း(အထက်)
ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဖုန်း - ၂၅၂၇၈၃

www.burmeseclassic.com

www.burmeseclassic.com

# ရွှင်ရွှင်ပြုံးပြုံး
# တစ်ကိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ရွှင်ရွှင်ပြုံးပြုံး တမျက်နှာများ


| | | |
|---|---|---|
| | ဆရာဦးတောင်သင်း၏အမှာစာ | (၉) |
| ၁။ | ပေးတဲ့ဆုနှင့်ပြည့်ပါစေ | (၁၂) |
| ၂။ | လွမ်းမိတယ် | (၁၈) |
| ၃။ | မိုးရေထဲက ဘောလုံးပွဲ | (၂၄) |
| ၄။ | ကျွန်မ ပျော်တဲ့အချိန် | (၃၀) |
| ၅။ | လမ်းထဲက အသံများ | (၃၆) |
| ၆။ | ကျွန်တော်တို့မေမေ | (၄၂) |
| ၇။ | ဘုရားပန်းလဲခြင်း | (၄၈) |
| ၈။ | အကြိုက်ဆုံး မြန်မာမုန့် | (၅၂) |
| ၉။ | မိသားစု ကျန်းမာရေး | (၅၆) |
| ၁၀။ | မေမေမြို့လေး | (၆၂) |
| ၁၁။ | ကျွန်တော်တို့ဦးလေး | (၆၈) |
| ၁၂။ | သားလေးရေ | (၇၄) |
| ၁၃။ | ကျွန်မချစ်သောမေမေ | (၈၀) |
| ၁၄။ | ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ် | (၈၆) |
| ၁၅။ | သင်ခန်းစာ | (၉၂) |
| ၁၆။ | သင်ခန်းစာ ပူပူနွေးနွေး | (၉၈) |
| ၁၇။ | မတော်တဆ | (၁၀၄) |
| ၁၈။ | မေမေမျက်ရည်ကျတဲ့နေ့ | (၁၁၀) |
| ၁၉။ | မြင်းစီးသူရဲကောင်း | (၁၁၆) |
| ၂၀။ | ကျေးလက်နံနက်စာ | (၁၂၂) |


www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောမြေးငယ်လေးများသို့
## အမှာစကား

ဒီ စာစီစာကုံးလေးတွေဟာ ၃ တန်းကစပြီး ၈ တန်းလောက်အထိ ကလေးတွေကို ရည်မှန်းပြီး ရေးထားတာဖြစ်ပါတယ်။ ရည်မှန်းချက် ကတော့ မြေးကလေးတို့ စာစီစာကုံးရေးတတ်ချင်ရင် ဘာမှမခက်ဘူးဆိုတာကို သိစေချင်လို့ပါပဲ။

စာစီစာကုံးတွေကို သေချာဖတ်ကြည့်ပါ။ ဘာမှ မထူးဆန်းတဲ့ မင်းတို့ တွေ့နေကျ မြင်နေကျ အကြောင်းအရာတွေချည်း ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်။

မင်းတို့ ပတ်ဝန်းကျင်မှာ စာစီစာကုံးရေးစရာတွေ တစ်ပုံတစ်ပင်ကြီး ရှိနေပါတယ်။ ဆိုကြပါစို့ . . . မင်းတို့အိမ်က ခွေးတွေ ကြောင်တွေအကြောင်းကိုလည်း ရေးနိုင်တာပဲ။ အိမ်ရှေ့က သစ်ပင်ကြီးအကြောင်း၊ အိမ်ဘေးက ပန်းပင်လေးအကြောင်းစသည့်ဖြင့် အားလုံးကို စာစီစာကုံး ရေးလို့ရနိုင်တာချည်းပါပဲ။

ကုန်ကုန်ပြောလိုက်မယ်ကွာ၊ ညအခါ မီးရောင်နားကို လာတဲ့ ပိုးကောင်ကလေးတွေကို ဖမ်းပြီးစားတတ်တဲ့ အိမ်မြှောင်တွေ အကြောင်းကိုလည်း ရေးချင်ဖြစ်နိုင်တာပါပဲ။ အရေးကြီးတာက မင်းတို့ ပတ်ဝန်းကျင်ကို စိတ်ဝင်စားတတ်ဖို့ပါပဲ။ ဒီတော့ -

၁- ကိုယ် တွေ့တာကြုံတာလေးတွေကို သတိထားပြီး မှတ်သားပါ။
၂- သဘောကျတာ၊ မကျတာ၊ ကြည်နူးတာ၊ ပျော်တာ စတဲ့ ခံစားမှုတွေကို ထည့်ရေးပါ။
၃- ဝါကျကို တိုတိုရှင်းရှင်းကလေးရေးပါ။

ဆက်ဆက်ရေးဖြစ်အောင် ရေးကြည့်ပါ။ ရေးတတ်လာလိမ့်မယ်ဆိုတာ ဘဘ အာမခံပါတယ်။

**တန်းစဉ်စာမေးပွဲတွေမှာအဆင့်ဆင့်မြင့်မြင့်နဲ့အောင်မြင်ကြပါစေ။**

ဘဘစေအောင်သင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ပေးတဲ့ဆုနှင့် ပြည့်ပါစေ

လွန်ခဲ့သော တနင်္လာနေ့ကဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်တို့ လပတ် စာမေးပွဲရှိသောကြောင့် ကျွန်တော် ကျောင်းချိန် မီအောင် အိမ်က ထွက်လာခဲ့ပါသည်။ ကျောင်းသို့ လာရင်း အိမ်က ကျက်လာသော စာများကိုလည်း မမေ့အောင် စာတွေကို စိတ်ထဲက ရွတ်လာပါသည်။ ကျွန်တော်တို့ ကျောင်းနား တွင် ဈေးကလေးတစ်ခု ရှိပါသည်။ ထိုဈေးလေးကြောင့် ထိုနေရာ တဝိုက်တွင်မော်တော်ကား၊ ဆိုက်ကားတွေ အလွန် ရှုပ်ပါသည်။ ထို့အပြင် မနက်ပိုင်းတွင် ဟင်းသီး ဟင်းရွက်ဈေးသည် တွေကလည်း လမ်းဘေးတွင် ချရောင်းနေကြသော ကြောင့် ဈေးဝယ်တွေ ကလည်း များပါသည်။ ထို့ကြောင့် လမ်းက ပို၍ရှုပ်ပါ သည်။ ကျွန်တော်တို့လည်း

www.burmeseclassic.com

www.burmeseclassic.com



ထို့နေရာသို့ ရောက်လျှင် ဟိုဘက်သည်ဘက် အပြေးအလွှား သွားကြပါသည်။ ကျောင်းနား ရောက်လို့ လမ်းဖြတ်ကူးလျှင်လည်း အလွန်သတိထားရပါသည်။ ကျောင်းဆင်းချိန်တိုင်း တွင် ဆရာမက လမ်းဖြတ်ကူးလျှင် သေချာ ကြည့်ပြီးမှ ဖြတ်ကူးရန် မှာလေ့ရှိပါသည်။ ကျောင်းဆင်းချိန်တွင် ဆရာမနှစ် ယောက်က လမ်းဘေးသို့ ထွက်ပြီး ကျွန်တော်တို့ကို ထိန်းပေး လေ့ရှိပါသည်။

ကျွန်တော် ဈေးနားလူရှုပ်နေရာသို့ ရောက်သော အခါ ခါးကိုင်းနေသော အဘွားအိုနှစ်ယောက်ကို တွေ့ပါသည်။ လက်တစ်ဘက်တွင် အထုပ်ကလေးတစ်ခုကို ကိုင်၍ လက်တစ်လက် က တောင်ဝှေ့ကို ထောက်ထားပါသည်။ သူက လမ်းကူးရန် ကားရှင်းအောင် စောင့်နေခြင်းဖြစ်ပါသည်။ ကားကလည်း မရှင်း နိုင်ပါ။ မော်တော်ကားဝေးနေလျှင် ကျွန်တော်တို့က ပြေးပြီးကူးနိုင် ပါသည်။ အဘွားကြီးက မပြေးနိုင်သောကြောင့် စောင့်နေခြင်း ဖြစ်ပါသည်။

ကျွန်တော်က အဘွားကြီးကိုကူညီချင်ပါသည်။ သို့သော် စာပေးပွဲနောက်ကျမည်ကိုလည်းစိုးပါသည်။ သို့သော် ကျွန်တော် မနေနိုင်တော့ပါ။ အဘွားနားသို့ ပြေးသွားပြီး အဘွားလက်ကို ကိုင်လိုက်ပါသည်။ 'အဘွား လမ်းကူးမလို့ မဟုတ် လား၊ သားကူပြီး ကူးပေးမယ်' ဟုပြောလိုက်တော့ အဘွားက-

'အေး. . . အေး. . ငါ့မြေးရယ်၊ အဘွားက မျက်စိ တွေကလည်း မကောင်းဘူး၊ ကားတွေကလည်းများ၊ ဆိုက်ကားတွေ ကလည်း ရှုပ်လို့ စောင့်နေတာ မြေးရဲ့' ဟုပြောပါသည်။ ကားတွေ ခဏပြတ်သွားလိုက်သည်နှင့် 'အဘွား. . . လာ' ဟု ပြောပြီးလက်ကို ဆွဲလိုက်ပါသည်။ ထိုအခိုက်တွင် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း ထွန်းမောင်ဦးက 'ဟော့. . တိုးတိုးရေ မြန်မြန်လာနော်၊ စာမေးပွဲနောက်ကျဦးမယ်' ဟုပြောသွားပါသည်။

ကျွန်တော်လည်း အဘွားနှင့်အတူ လမ်းမပေါ် ရောက်သာအခါ လာနေသော ကားများကိုလက်ပြပြီး တားလိုက်ပါသည်။ မော်တော်ကားတွေက အရှိန်ကိုလျှော့ချ လိုက်ပြီး ကျွန်တော်တို့နှစ်ယောက်ကို စောင့်ပေးပါသည်။ ဆိုက်ကားတွေကလည်းသေချာသတိထားပြီး ရှောင်းနင်းပေးကြပါသည်။ ကျွန်တော်တို့ လမ်းသွားနေရင်းအဘွားက'ဗျို. . . ဗျို. . . ဗျို. . .' နှင့် လေလည်လိုက်သောအခါ ကျွန်တော်အလွန်ကို ရယ်ချင်ပါ သည်။ ကျွန်တော်တို့ အဘွားသည်လည်း ထို့ကဲ့သို့ပင် လေလည်တက်ပါသည်။ ထိုအခါတွင် ကျွန်တော်တို့က တအားရယ် ပါသည်။ ယခုတော့ကျွန်တော် မရယ်မိအောင် နှုတ်ခမ်းကို ကိုက်ထားရပါသည်။ ကျွန်တော်တို့ ဘေးကင်းရာ၊ လမ်းရှင်းရာသို့ ရောက်တော့ အဘွားက-

'ငါ့မြေးလေး ကစားမေးပွဲဖြေမှာကိုး၊ စာမေးပွဲ အောင်ပါစေတော်၊ သူတော်ကောင်းလေး ပညာတွေအများ ကြီး တက်ပါစေ' စသည်ဖြင့် ဆုပေးနေရာ ကျွန်တော်က 'အဘွား သွားတော့မယ်နော်' ဟုနှုတ်ဆက်ပြီး ပြေးထွက်လာခဲ့သည့်တိုင် ဆုပေးပြီး ကျန်ရစ်ခဲ့ပါသည်။

ကျောင်းရောက်တော့ကျောင်းသားတွေစာမေးပွဲခန်းထဲ ရောက်၍ မေးခွန်းတွေကိုပင် ဖတ်နေကြပါပြီ။ အခန်းစောင့် ဆရာမက'ဘာဖြစ်လို့နောက်ကျတာလဲ' ဟု မေးရာ၊ ကျွန်တော်က 'အဘွားအိုကြီးတစ်ယောက် ကားလမ်းဖြစ်ကူးတာကို ကူနေ လို့ပါ ဆရာမ' ဟုလက်ပိုက်ပြီး ရိုသေစွာ ပြောပါသည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



**ထွန်းမောင်ဦးက 'ဟုတ်ပါတယ် ဆရာမ၊ သူကကျွန်တော်ရှေ့ကပါ၊ အဘွားအိုကြီးကို ကူနေလို့နောက်ကျတာပါ' ဟုလှမ်းပြောပါသည်။ ဆရာမက 'အေး. . . အေး. . အဲဒီလို အဘိုးအို အဘွားအိုတွေကို ကူးပေတဲ့စိတ်ကို ဆရာမလည်း သဘောကျတယ်၊ ကဲ. . . ဝင် ဝင်' ဟုပြောလိုက်ပါသည်။ ကျွန်တော် အလွန် ပျော်ပါသည်။ စားမေးပွဲကို လည်းကောင်းစွာ ဖြေနိုင်ခဲ့ ပါသည်။ အဘွား ပေးခဲ့သော ဆုအတိုင်း ကျွန်တော်ပညာတွေ အများကြီး တတ်ချင်ပါသည်။ ။**

-------------------------------------

*ဒီလို စာစီစာကုံးမျိုးလေးတွေကို ရေးနိုင်အောင် ကြိုးစားကြစေချင်တယ်။ အဘိုးအို အဘွားအိုဆိုတာလည်း တစ်ခါကတော့ မင်းတို့လိုပဲ ပြေးနိုင် လွှားနိုင် ကြတာပေါ့။ အိုလာတော့ မသန်စွမ်းတော့ဘူး၊ အဲဒီလို အဘိုး အဘွား တွေ့ကို တွေ့ရင် အခါမရွေး၊ တက်နိုင်သမျှ အကူအညီပေးသင့် ကြပါတယ်။ အလွန် ကုသိုလ်ရတဲ့ အလုပ်မျိုး ဖြစ်တဲ့အပြင် စိတ်ဓာတ် ယဉ်ကျေးမြင့်မားတဲ့ လူငယ်လေး ဖြစ်တာကို ထင်ရှားစေတယ်။ ဒါမျိုးကိုမြင်လိုက်ရရင် အဲဒီ ကလေးငယ်ကို မလေးစားတဲ့လူ မရှိဘူး၊ ငါကိုယ်တိုင်လည်း အဲဒီလို ကလေးမျိုး တွေ့ကိုတွေ့ရင် စောင့်ကြည့် နေပြီး "လူလေး. . . သိပ်တော် တယ်ကွယ်"လို့ ပြောမိတက်မြဲ ဖြစ်ပါသည်။ မင်းတို့လည်း . . .*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းမိတယ်

*ကလေးတို့ရေ. .* မင်းတို့ သူငယ်ချင်းတွေနဲ့ ကျောင်းမှာ ကစားကြ ရတာကို သတိရမနေဘူးဘား။ ဘဘက ငါးတန်း စာမေးပွဲ အောင်ထားတဲ့ မြေးလေးတစ်ယောက်နဲ့ စကားပြော ကြည့် မိပါတယ်။ စိတ်ဝင်စားစရာပါပဲ။ တကယ်ဆိုတော့ သူတို့ ဟာ ကျောင်းကိုရော၊ သူငယ်ချင်းတွေကိုရော လွမ်းနေကြတာ ကို သိရတယ်။ အခု ဒီစာကိုဖတ်နေရင်း မင်းတစ်ယောက်ရော သူငယ်ချင်းတွေကို လွမ်းမနေဘူးလား။ အခု ရေးလိုက်တဲ့ စာစီစာကုံးလို မင်းတို့ ခံစားမိတာကို ရေးကြည့်စေချင်တယ်။ ကျောင်းပိတ်ရက်မှာအပျင်းလည် ပြေတာပေါ့၊ သူငယ်ချင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းပြေပေါ့။ ကျောင်းဖွင့်တဲ့အခါမှာ သူတို့ကို လွမ်းကြောင်း မင်းရေးထားတဲ့ စာပြလိုက်ရင် သူတို့အံ့သြကြမှာပဲ။ ရေးကြည့် ပါလား။

ကျွန်တော်နာမည်မှာ 'မောင်အောင်သစ်' ဖြစ်ပါသည်။ ကျွန်တော်ယခု ငါးတန်းစာမေးပွဲအောင်မြင်ပြီးပါပြီ။ ထို့ကြောင့် ကျောင်းပြန်ဖွင့်လျှင် ခြောက်တန်းတွင် နေရပါတော့မည်။ ခြောက်တန်းတက်ရတာထက် သူငယ်ချင်းများနှင့် ပြန်တွေ့ရတော့ မည်ကို တွေးမိလိုက်တိုင်း ပျော်နေမိပါသည်။

စားမေးပွဲဖြေပြီး၍ ကျောင်းပိတ်လိုက်သောအခါ ကျွန်တော် အလွန်ပျော်ပါသည်။ ကျောင်းမတက်ရတော့ပါ။ ထို့ကြောင့်ပိုပျော် ပါသည်။ ကျောင်းတက်နေရစဉ်က မနက်စော စောအိပ်ရာက ထရပါသည်။ ကျွန်တော်မထချင်ပါ။ သို့သော် မေကြီးက အတင်းထခိုင်းပါသည်။ မမနုကလည်း အော်ပါသည်။ ကျွန်တော် စောင်တွေကို ခွာပစ်ပါသည်။ ကျွန်တော် အလွန်စိတ်ပျက်ပါသည်။ နောက်ပြီး ရေချိုးရပါသည်။ သနပ်ခါးလည်းလိမ်းရပါသည်။ ထမင်းကြော်၊ မုန့်ဟင်းခါးကို စားရပါ သည်။ အများအားဖြင့် ထမင်းကြော်စားရပါသည်။ ပြီးလျှင် ကျောင်းကားစီးဖို့ လမ်းထိပ်မှာ သွားစောင့်ရပါသည်။ ကျောင်းစာ အုပ်တွေထည့်ထားသော ကျောပိုးအိတ်ကလည်း အလွန်လေး ပါသည်။ ထို့ကြောင့် ကျောင်းတက်ရသည်ကို စိတ်ညစ်ခဲ့ပါ သည်။ ကျောင်းပိတ် လိုက်သည်ကို အလွန်ပျော်ပါသည်။

ကျောင်းပိတ်လိုက်သောအခါ အိပ်ရာက စောစော မထရ တော့ပါ။ အိပ်ချင်တိုင်း အိပ်ရပါသည်။ သို့သော်လည်းကြာကြာကြီး တော့ မအိပ်နိုင်ပါ။ ကျွန်တော့် မမနုနှင့် ညီလေးက ဆူဆူညံညံနှင့်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြပါသည်။ သို့မဟုတ် ပြေးလိုက် ကစားလိုက် လုပ်ကြပါသည်။ ထိုအခါ ကျွန်တော် မနေနိုင်တော့ပါ။ အိပ်ရာက ထရပါတော့သည်။ အိပ်ရာကထလျှင် ထမင်းကြော် သို့မဟုတ် မုန့်ဟင်းခါး စားကြရပါသည်။ ဖေကြီးနှင့် မေကြီးတို့ က ကော်ဖီ သောက်ကြပါသည်။ ကျွန်တော်တို့က ကော်ဖီ မကြိုက်ကြပါ။ ဘွားဘွားကြီး ကလည်းကော်ဖီ မကြိုက်ပါ။ ကျွန်တော်တို့လို ထမင်းကြော်နှင့် မုန့်ဟင်းခါး ကိုပဲကြိုက်ပါသည်။ ထို့နောက် ကစားကြပါသည်။ ကျွန်တော် နှင့်ညီလေးက ခဏခဏ စကားများ ပါသည်။ စကားများ ရန်ဖြစ် ကြလျှင် မေကြီးက ကျွန်တော်ကိုပဲ ငေါက်ပါသည်။

ကျောင်းတက်နေရစဉ်က သူငယ်ချင်းတွေနှင့် ကစား ရသည်ကို ကျွန်တော် အလွန်သတိရပါသည်။ အထူးသဖြင့် 'အီးပုတ်' ကို သတိရမိပါသည်။ သူ့နာမည်က 'အီးပုတ်' မဟုတ် ပါ။ 'ကျော်စွာ' ဖြစ်ပါသည်။ သို့သော် သူက အလွန်ဝပါသည်။ ကျွန်တော်တို့က သူကို 'အီးပုတ်' ဟုပဲခေါ် ပါ သည်။ သူကလည်း စိတ်မဆိုးပါ။ အလွန်သဘော ကောင်းပါ သည်။ နောက် တစ်ယောက်က 'အီကြာကွေး' ဖြစ်ပါသည်။ သူ့နာမည်က 'စိုးလွင်အောင်' ဖြစ်ပါ သည်။ သို့သော် ကျွန်တော်တို့ အားလုံးက သူ့ကို 'အီကြာကွေး' လို့ပဲခေါ် ကြပါ သည်။ ကျွန်တော်တို့က သူ့ ကို 'ကြာကြာ' ရေဟု ခေါ်လိုက်လျှင် သူကရယ်ပါသည်။ သူတို့ကို စာမေးပွဲ အောင်စာရင်း ထွက် သောနေ့က တွေ့လိုက်ရပါသေးသည်။ သူတို့က'ကျောင်းပိတ် ထားတာ ပျင်းလာပြီကွာ' ဟုပြောကြပါသည်။ ကျွန်တော် သူတို့ကို ခဏခဏလွမ်းမိပါသည်။

နောက်တစ်ယောက်က 'အရိုး' ဖြစ်ပါသည်။ သူနာ မည်က

www.burmeseclassic.com

www.burmeseclassic.com



'အရိုး' မဟုတ်ပါ။ ခင်သန်းမြင့် ဖြစ်ပါသည်။ သို့သော် ပိန်လွန်းသောကြောင့် ကျွန်တော်တို့က 'အရိုး' ဟုခေါ်ရခြင်း ဖြစ်ပါသည်။ သူက ကကြာခဏ နေမကောင်း ဖြစ်ပါသည်။ ဆေးခန်းလည်း ခဏခဏ သွားရပါသည်။ ကျောင်းလည်း ခဏခဏ ပျက်ပါသည်။ သို့သော် စာတော်ပါသည်။ တစ်နေ့မှာ သူက ငါကမကျန်းမာတော့ ပိန်တာပေါ့ဟယ်၊ နင်တို့ 'အရိုး' လို့ခေါ် တာ ဟုတ်ပါတယ်။ 'ငါက အရိုးပဲရှိတာကိုး' ဟုပြောသောအခါ ကျွန်တို့ အားလုံး ဝမ်းနည်းသွားပါသည်။ ထို့ကြောင့် သူ့ကို 'အရိုး' ဟုမခေါ်ကြတော့ပါ။ ကျွန်တော် သူ့ကိုလည်း ခဏခဏ သတိရမိပါသည်။ သူ နေကောင်းစေချင်ပါသည်။

သူငယ်ချင်း အားလုံးကို ကျွန်တော် လွမ်းမိပါသည်။ ထို့ကြောင့် ကျောင်းကြီးရယ် မြန်မြန်ဖွင့်ပါတော့ ဟုဆုတောင်းနေမိပါသည်။ ခုတစ်ခါ ကျောင်းဖွင့်လျှင် အိပ်ရာ စောစောထ မည်ဟု စဉ်စားထားပါသည်။

-----------------

အဲဒါမျိုးလောက်ကို မင်းတို့ ကောင်းကောင်းရေးနိုင်ပါတယ်။
စမ်းကြည့်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မိုးရေထဲက ဘောလုံးပွဲ

မနေ့ညနေက မိုးအလွန်သဲပါသည်။ နေ့လည်က အလွန်ပူပါသည်။ မိုးမရွာမီက အလွန်အိုက်ပါသည်။ မိုးရွာ ခါနီးတော့ လေအေး တိုက်ပါသည်။ မိုးရွာတော့မည်ကို ကျွန်တော် သိပါသည်။ မကြာမီ မိုးသဲသဲကြီးရွာပါတော့သည်။ အိမ်နားက သူငယ်ချင်းတွေ မိုးရေထဲသို့ ထွက်လာကြပါသည်။ ကျွန်တော်တို့ အော်ဟစ်ပြီး မိုးရေထဲမှာ ပြေးကြပါသည်။

ကျွန်တော်တို့ အိမ်ခေါင်းရင်းက ဘကြီးစိန်တို့တိုက်က ရေတယောက်က ရေလုံးကြီးများ အလွန်ကြီးပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံး ထိုရေတယောက်အောက် တွင်ရေချိုးကြပါသည်။ ထိုအခါတွင် မောင်ထိုက်က ဘောလုံးကလေးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပါသည်။ ကျွန်တော်တို့မောင်ထိုက်ဆီသို့ ပြေးသွားပြီး ဘောလုံးကန်ကြပါသည်။

ကျွန်တော်တို့လမ်းမှာ လမ်းတိုကလေးဖြစ်ပါသည်။ လမ်းမှာ တစ်ဖက် ပိတ်ထားသောကြောင့် ကားတွေ သိပ်မဝင်ကြပါ။ ထို့ကြောင့် လမ်းရှင်းပါသည်။ ယခင်ကလမ်းမကောင်းပါ။ အားလုံး လမ်းတွေကို ကောင်းအောင်ပြင်ကြသောအခါ ကျွန်တော်တို့ လမ်းလည်းကောင်းသွားပါသည်။ ယခုအခါ ကျွန်တော်တို့လမ်းမှာ ကစားလို့အလွန်းကောင်းပါသည်။

ကျွန်တော်တို့တဖက်လျှင် လူ ၄-ယောက်စီခွဲပြီး ကန်ကြပါသည်။ မောင်ထိုက်က ဘောလုံးလုတာကို အလွန် ကျွမ်းပါသည်။ သူ့လက်ထဲကိုဘောလုံးရောက်သွားလျှင် လိုက်လုဖို့ မလွယ်တော့ပါ။ ကလေးတွေကလည်း မိုးရေထဲတွင် ခုန်ပေါက်ပြေးလွှား နေကြ သောကြောင့် သူတို့ကိုလည်းရှောင်းရပါသေးသည်။ သူတို့က ပြေးချင်သလို ပြေးနေကြသောကြောင့် ကစားရတာ အလွန်ခက်ပါသည်။ ဂိုးရခါနီးတွင် ရှေ့ကဖြတ်ပေးလိုက်သောကြောင့် ဂိုးလွတ်သွားသောအခါ အလွန်စိတ်တိုမိပါသည်။ သို့သော်သူတို့ကတော့ ဘာမျှဂရုမစိုက်ပါ။

မောင်စိုးကြီးက ဂွမ်းထိုး အလွန်ကောင်းပါသည်။ သူက ဘယ်လိုကျင့်ထားသည် မသိပါ။ သူဂွမ်းထိုပုံက လက်ထောက်ပြီး ထိုးခြင်း ဖြစ်ပါသည်။ သူတို့ဘက်က ဂိုးရလိုက်လျှင် မောင်းစိုးကြီးက ဂွမ်းသုံးခါလောက် ဆက်ပြီးထိုးပါသည်။ ထိုနောက်မိုးရေထဲတွင် ပက်လက်လှန်ပြီး အော်လိုက်ပါသေးသည်။ အလွန်ရယ်ရပါသည်။

ကျွန်တော်တို့ ကစားနေစဉ် လျှပ်လက်ပြီး မိုးကြိုးပစ်သံကြီးကို ကြားလိုက်ရသောအခါ ကျွန်တော်တို့အားလုံး လန့်ပြီးဘကြီးစိန်၏

www.burmeseclassic.com

www.burmeseclassic.com



**တိုက်အောက်နားဆီ ပြေးသွားလိုက်ကြပါသည်။ ပြီးမှ ရယ်နိုင်ကြပါသည်။ ထိုနေ့က ကျွန်တော်တို့ အလွန်ပျော်ကြပါသည်။ ထိုကဲ့သို့ မိုးသဲသဲကြီးရွာစေချင်ပါသေးသည်။**

--------------------

*"ဘယ့်နှယ်လဲ ဘဘ၊ ကျွန်တော်စာစီစာကုံးကောင်းလား"*

*"ကောင်းပါတယ်ကွ၊ ဒါပေမဲ့ သတ်ပုံကို သတိထားကွ။ ဥပမာ မင်းရေးထားတာက မိုး'သဲ' လို့ရေးထားတယ်။ အမှန်က'သည်း'လို့ ညသတ်နဲ့ရေးရတယ်။"*

*"ကျွန်တော် ပြင်လိုက်မယ်နော်။ ဟုတ်တယ် ဘဘ။ သတ်ပုံက သိပ်ခက်တာပဲ။"*

*"စာဖတ်သွားတဲ့အခါ သတိထားပြီး ဖတ်သွားရင်း အလိုလို မှတ်မိသွားတာပါပဲ။ မြန်မာစာ ကောင်းကောင်းရေးတတ်ချင်ရင် မြန်မာစာတွေကို များများဖတ်ကွ။ နောက်ပြီးဖတ်ရင် သတ်ပုံကိုလဲ ဂရုစိုက်ပြီး မှတ်သွားရတယ်။ ဥပမာ 'ရေတယောက်' ဆိုတာမျိုးပေါ့"*

*"ဟုတ်တယ်၊ ကျွန်တော်ဘယ်လိုရေးရမှန်းမသိဘူး၊ ဒါကြောင့် ရမ်းပြီးရေးလိုက်တာ"*

*"အမှန်က 'ရေတံလျှောက်' လို့ရေးရတယ်ကွ။ နောက်ပြီး မင်းက 'နေ့ လည်က' လို့ရေးထားတယ်။ 'နေ့လယ်'လို့ ယသတ်နဲ့ ရေးရမယ်ကွ၊ နောက်ပြီး 'ဂျွမ်းထိုး' မဟုတ်ဘူး။ 'ကျွမ်းထိုး'ကွ။ ကကြီးနဲ့ ရေးရတယ်။ သူ့ဘက်ကိုယ်ဘက်ဆိုရင် 'ဘက်'လို့ဘကုန်းနဲ့ ရေးရတယ်၊ ဒါတွေက သတိထားပြီး မှတ်သွားရင်းရတာပါပဲ"*

*"ဒီပြင့် ပြောပါဦး၊ ဘာတွေပြောစရာရှိသေးလဲ"*

www.burmeseclassic.com

www.burmeseclassic.com



"ပြောရင်တော့ ရှိတာပေါ့ကွာ၊ ဥပမာ့ မင်းက မောင်ထိုက်လက်ထဲ ဘောလုံးရောက်သွားရင်လို့ ရေးထားတယ်။ မောင်ထိုက် ခြေထောက်ထဲလို့. . ."

"ဟာ. . . အစစ်ပဲ၊ လက်ထဲရောက်သွားရင်ဟမ်းဘော ဖြစ်သွားမှာပေါ့။ ကျွန်တော့် စာစီစာကုန်းကရယ်ရတယ်နော် ဘဘ"


"နောက်ကို ဒါမျိုးတွေရေးရင် မင်းတို့ရဲ့ အမှုအရာလေးတွေ ပါအောင်ရေးကွ။ ဥပမာ မင်းတို့ မိုးရေထဲ ပြေးထွက်လာကြတယ် ဆိုပါတော့ 'ခုန်ကာပေါက်ကာ ပြေးထွက်လာကြပါသည်' ဆိုတာမျိုး၊ ရေတံလျှောက်အောက်မှာ ရေချိုးကြတာဆိုရင် 'အလုအယက် ရေချိုးကြပါသည်' ဆိုတာမျိုးလေးတွေထည့်လိုက်ရင် ပိုကောင်းတာပေါ့ကွ"

"ဟုတ်ကဲ့ ဘဘရယ်၊ ကျွန်တော်နောက်ကို ဒီလိုဖြစ်အောင် ရေးမယ်"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မပျော်တဲ့အချိန်

တစ်နေ့တာလုံး ကျွန်မ ပျော်သောအချိန်မှာ ရုပ်မြင်သံကြား ကြော်ငြာ လာသောအချိန်ဖြစ်ပါသည်။ မြန်မာ့ရုပ်မြင်သံကြား ကလာသော ကြော်ငြာတွေကိုရော မြဝတီကလာသော ကြော်ငြာ တွေကိုရော ကြိုက်ပါသည်။ ကြော်ငြာတွေက သီးချင်းတွေကိုလည်း ကြိုက်ပါတယ်။ ကြော်ငြာ အသစ်တွေလာလိုက်လျှင် ပိုပြီးပျော်ပါ သည်။ ထိုကြော်ငြာက သီးချင်းတွေရော ပြောသော စကားတွေကို ပါ သေချာနားထောင်ပြီး မှတ်ပါသည်။ ကျွန်မ ညီမလေးက ကျောင်း မသွားသေးပါ။ ဒါပေမဲ့ သူမ ကျွန်မထက်ပိုပြီး မြန်မြန်မှတ်မိ ပါသည်။ စကားတော့ မပီပါ။ “အဲဒါ . . . အဲဒါ . . ညမ မဟုတ် . . . ညို့တော် ညို့တော် မုန့်ကြွပ်” ဟုလိုက်ဆို တက်ပါ သေးသည်။ တစ်ခါတစ်လေ ထိုသို့ဆိုပြီးနောက် “မမ မုန့်ကြွပ်

www.burmeseclassic.com

www.burmeseclassic.com



စားချင်တယ်” ဟုမုန့်တောင်းတက်ပါသည်။

ညီမလေးက နားထောင်လိုက်ဆိုတက်ရုံမျှမက အရုပ်တွေ၏ အမူအရာကိုပါ လိုက်လုပ်တက်ပါသေးသည်။ “ဟက်ပီးဝါး” ကြော်ငြာလာလိုက်လျှင် ထိုင်ရာမှထပြီး တီဗီနားသို့ကပ်သွား တက်ပါသည်။ ကြော်ငြာအဆုံးသို့ရောက်လျှင် ကြော်ငြာထဲက အရုပ်ကလေးနှစ်ကောင်နှင့်အတူ “ဟက်ပီးဝါး” ဟုအော်ရသည်ကို သူ အလွန်ပျော်ပါသည်။ တစ်ခါတလေသူက အိပ်ခန်းထဲ ရောက်နေလျှင် ထိုအခန်းကိုမီအောင်ပြေးထွက်လာပြီး အော်တက် ပါသည်။ မေမေက သူကို ထမင်းခွံသည့်အခါ သူကမာမီးခေါက်ဆွဲ ကြော်ငြာထဲကလို မေမေ့မျက်နှာ နားကပ်ပြီး“ကောင်းမှကောင်း”ဟု အော်တက်ပါသည်။ ထိုအခါ မေမေက အလွန်သဘောကျတက် ပါသည်။ သူအလွန်ကြိုက်သည့် ကြော်ငြာတစ်ခုရှိပါသေးသည်။ “ဗျူးတီးခေါင်း လျှော်ရည်ဟာ” ဟုဆိုလိုက်လျှင် “ပန်းစံပယ်ရနံ့ ကလေးလို သင်းပျံ့နေပါတယ်” စသော “ဒွေး” ၏စကာများကို အားလုံးလိုက်ဆိုတက်ပါသည်။ သူက အခန်းထဲရောက်နေလျှင် လည်း အခန်းထဲက လှမ်းအော်တတ်ပါသေးသည်။

မေမေက “ငါ့သမီးလေးသာကြော်ငြာတွေကို မှတ်မိသလောက် သာ ကျောင်းစာတွေကို မှတ်မိရင်တော့ တစ်နိုင်ငံလုံးမှာတစ်စွဲမှာပဲ” ဟုရယ်ပြီးပြောတက်ပါသည်။ တစ်ခါက ကျွန်မတို့ အိမ်တွင် ကြာဇံဟင်းခါးချက်ပြီး သောက်ကြပါသည်။ ဖေဖေက ကြာဇံဟင်းခါး သောက်ပြီး “ပူလိုက်တာကွာ” ဟုပြောလိုက်ပါသည်။ ညီမလေးက “ပူပူလေးနှင့်ကောင်းတာဗျို့”ဟုအော်လိုက်သောအခါ မေမေက ရယ်လိုက်သဖြင့် ဟင်းတွေသီးသွားသောကြောင့် အားလုံးရယ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ကျွန်မကတော့ 'အရိုးတောင်း' လက်ဖက်ကြော်ငြာကို အလွန်ကြိုက်ပါသည်။ ဘာကြောင့် ကြိုက်သည်ကိုတော့ ကျွန်မ မပြောတတ်ပါ။ သိပ်ပြီး ကြည့်လို့ကောင်းပါသည်။ တစ်ယောက်ကို တစ်ယောက် လက်ဖက်တစ်ဇွန်းစီ ကျွေးသောအခါ ကျွန်မပါ စားချင်စိတ်ပေါက်လာပါသည်။ ထို့အပြင်သီချင်းတွေကလည်း တခြားကြော်ငြာတွေနှင့်မတူပါ။ အလွန်နားထောင်လို့ ကောင်းပါသည်။ ထိုကြော်ငြာသံကို ကြားလျှင် ကျွန်မ မနေနိုင်ပါ။ တီဗီရှေ့ရောက်အောင် ပြေးပြီးကြည့်မိပါသည်။ နောက်တစ်ခုမှာ 'ကေသီပန်' ကြော်ငြာဖြစ်ပါသည်။ ထိုကြော်ငြာလာလျှင်လည်း သီးချင်းကိုပါရောပြီးဆိုမိပါသည်။ မေမေက "ကြော်ငြာသီးချင်းတွေကို ရသလို သာကျောင်းစာတွေကိုရရင် ဘယ်လောက်ကောက်းလိုက်မလဲ" ဟုအမြဲပြောပါသည်။ မေမေပြောမည်ဆိုလည်း ပြောလောက်ပါသည်။ ကျွန်မတို့သည် ကျောင်းစာ ကျက်ရမည်ကို အလွန်ခက်ပါသည်။ တီဗီကြော်ငြာဆိုလျှင်မြန်မြန်ကြီး အလွတ်ရသွားကြပါတော့သည်။ တီဗီကြော်ငြာတွေကို စာမေးပွဲစစ်လျှင် ကျွန်မ စားမေးပွဲအောင်မည်မှာ မုချဖြစ်ပါသည်။

-------------------

*ကဲ. . . မင်းတို့ တွေ့ခဲ့ပြီ မဟုတ်လား။ အဲဒါဂျ တပည့်တစ်ယောက်ရဲ့ သမီးလေးရေးထားတဲ့ စာစီစာကုန်းပဲ။ မူလသူရေးထားတာမှာတော့ စာလုံးပေါင်းသတ်ပုံမှားနေတာလေးတွေ ပါတယ်။ ငါက ပြင်ထားလိုက်ပါတယ်။ နောက်ပြီး တိုက်ရိုက်ပြောစကားတွေမှာ ဒီလို "" မျက်တောင်ဖွင့်ပိတ်ကလေး*

www.burmeseclassic.com



တွေကို ငါက ထည့်ပြီးပြင်ပေးထားလိုက်တယ်။ ဘာဘာပဲပြောပြော မင်းတို့တွေကြုံကြိုက်ကြတဲ့ တီဗီကြော်ငြာအကြောင်းတွေကို စာစီစာကုံး ရေးပစ်လိုက်တာပဲမဟုတ်လား။အဲဒါပါပဲ။ စာစီစာကုန်းဆို တာစာမေးပွဲမှာ မေးတဲ့ခေါင်းစဉ်မျိုး မဟုတ်ပါဘူး။ မင်းတို့ စိတ်ထဲမှာ သဘောခွေ့နေတာကို ရေးပစ်လိုက်ရင်လည်းစာစီစာကုန်း ဖြစ်တာပါပဲ။

တကယ်ဆိုတော့ ဘာမှခက်ခဲတာ မဟုတ်ပါဘူး။ မင်းတို့ ကြုံကြိုက်တာတွေ၊ မင်းတို့ပျော်တာတွေ၊မင်းတို့ စိတ်ညစ်တာတွေကို ရေးပစ်လိုက်ရင်လည်း စာစီစာကုံး ဖြစ်သွားပါပဲ။ အဲဒါမျိုးလေး ကိုတောင် မင်းက မရေးဝံ့တော့ဘူးလား။

ရေးပစ်လိုက်စမ်းပါ။ အဲဒီလို ရေးတာကိုအကျင့်လုပ်လိုက်ရင် ကျောင်းကစာစီစာကုန်းတွေဟာ ဘာမှမခက်တော့ဘူးဆိုတာ မင်းတို့တွေ့လာပါလိမ့်မည်။ ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လမ်းထဲကအသံများ

ကျွန်မတို့ လမ်းထဲတွင် အော်ဟစ်ရောင်းကြသော ဈေးသည်များ လာလေ့ရှိပါသည်။ ရောင်းသူများသာ မဟုတ်ပါ၊ ဝယ်သူများလည်း လာပါသည်။ သူတို့ အော်ဟစ်သံများ တစ်နေ ကုန်ကြားနေရတတ်ပါသည်။ သူတို့ အော်ပုံများမှာလည်း တစ်ယောက်နှင့်တစ်ယောက် မတူကြပါ။

မနက်လင်းလိုက်လျှင် စောစောစီးစီး ကြားရ သည်မှာ ပဲပြုတ်သည်များ၏ အသံဖြစ်ပါသည်။ ကျွန်မတို့လမ်းထဲတွင် လာရောင်းသော ပဲပြုတ် သည် သုံးယောက်ရှိပါသည်။ တစ်ယောက် နှင့်တစ်ယောက် အသံချင်းလည်း မတူပါ။ အော်ပုံလေသံချင်းလည်း မတူကြပါ။ ပထမတစ်ယောက်က အသံသေးပါသည်။ အသံ သေးသော်လည်း စူးစူးရှရှ ရှိပါသည်။ အော်ပုံက 'ပဲ . . အဲ အဲ. . . . . ပြုတ်' ဟုဖြစ်ပါသည်။ စာနှင့်ရေးပြရန် ခက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲ. . အဲ. . အဲ တွင်သီချင်းဆိုလိုက်သလို အသံရှည်ရှည်ဆွဲပါသည်။ 'ပြုတ်'ဆိုတာကိုတော့ အသံ ကောင်းကောင်းပင် မပီတော့ပါ။ အုတ်လိုလို၊ ယုတ် လိုလို အသံမျိုးသာ ထွက်လာပါတော့သည်။ သို့သော် တစ်လမ်းလုံးက သူ့ကို သိနေကြပါသည်။

နောက်ပဲပြုတ်သည် တစ်ဦးကတော့ အသံခပ်သြသြ ဖြစ်ပါသည်။ ယောကျ်ားသံနှင့် တူပါသည်။ သို့သော် ထိုမိန်းမမှာ ခပ်ပိန်ပိန် ဖြစ်ပါသည်။ သူ့အော်ပုံက နှစ်ဆင့်ဖြစ်ပါသည်။ 'ပဲ. . ပြုတ်၊. . ပြုတ်' ဟုအော်ပါသည်။ ပထမ ပဲပြုတ်ကို နည်းနည်း အသံရှည်ဆွဲ၍ အော်လိုက်ပြီးမှ 'ပြုတ်' ဆိုတာကို အော်တတ်ပါသည်။ တစ်ခါတစ်လေ ရှေ့က ပဲပြုတ်ဆိုတာကို မအော်တော့ဘဲ 'ပြုတ်' ဆိုတာ တစ်လုံးတည်းကိုသာ အော်တတ်ပါသည်။ သို့သော် အားလုံးက သူ့ကိုသိနေကြပါသည်။ ကျွန်မတို့အိမ်က ပဲပြုတ် ဝယ်လျှင် သူ့ဆီက ဝယ်တတ်ပါသည်။ အညာက ကျွန်မတို့ အဘွား အိမ်တွင်ရောက်နေသောအခါ သူအော်လိုက်သည့် 'ပြုတ်' ကိုကြားပြီး ဘာအော်မှန်း မသိသောကြောင့် မေးပါသည်။ 'ပဲပြုတ်' ဟုအော်ကြောင်း ပြောသောအခါ အဘွားက'သိပါဘူးဟယ်. . အုတ် ဆိုတော့ အုတ်ခဲများရွှတ်ရောင်းနေသလားလို့' ဟုပြောသောကြောင့် ရယ်ကြပါသေးသည်။

နောက်ပဲပြုတ်သည် တစ်ဦးကတော့ အသံက ခပ်စွာစွာ ဖြစ်ပါသည်။ သူကတော့ 'ကက်ဒက ဝယ်ကြဦးမလား. . . ပဲ'ဟု ဖြစ်ပါသည်။ အမှန်တော့ 'ကဲ့. . ဒီက ဝယကြဦးမလား' ဖြစ်ပါသည်။ မြန်မြန်ဆိုတော့ 'ကက်ဒက' ဟုသာကြားရပါတော့သည်။

နောက်တစ်ယောက်ကတော့ ပဲပင်ပေါက်နှင့် ပဲပြား ရောင်းသူ ဖြစ်ပါသည်။ သူ့အသံကိုလည်းကျွန်မတို့ ကောင်းကောင်း သိနေ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ သူ၏အော်ပုံက'အင်ပေါက်. . . ပဲယား' ဟုသာ ကြားကြရပါတော့သည်။ သို့သော် သူ့အသံကိုလည်း တစ်လမ်းလုံးက သိနေကြပါသည်။

ထူးခြားသူ တစ်ယောက်ကတော့ အကြော်ရောင်းသော အဒေါ်ကြီးဖြစ်ပါသည်။ သူ့အသံကြားလျှင် အလွန်ရယ်ချင်ပါသည်။ ရောင်းသည်က ဘူးသီးကြော်၊ ကြက်သွန်ကြော်။ ဘယာကြော်၊ မန္တလေးပဲကြော်၊ ပဲကပ်ကြော် ဆိုတာမျိုးတွေဖြစ်ပါသည်။ သို့သော် ထိုအကြော်တွေကို တစ်ခါတလေမှသာအော်ပါသည်၊

များသောအားဖြင့် ' အကြော်တွေ. . . ဝယ်ကြစမ်းပါ. . . ရောင်းချင်လွန်းလို့ပါ' ဟုအော်တတ်ပါသည်။ မနက်စောစော သူ့အသံကို ကြားလိုက်လျှင် အိပ်ရာထဲကပင် ရယ်မိပါသည်၊

နောက်တစ်ယောက်ကတော့ 'ဂက်မီးရစ် တွေ. . . ဂက်ထည့်တယ်' ဆိုသောလူ ဖြစ်ပါသည်။ အသံကလည်းခပ်ဆတ်ဆတ်အော်တတ်သည်။ ပထမကြားစက သူ့ဘာကို အော်မှန်းမသိပါ၊ ကျွန်မတို့ဆိုလျှင် 'ဂက်စ်' ဟု 'စ' သံကို ထည့်ပြီးဆိုပါသည်။ သူကတော့ 'အက်စ် သံကို လုံးဝမထည့်ပါ၊ 'ဂက်' ဟုအော်ပါသည်။ ထို့ကြောင့် 'ဂက်မီးရစ်' ဆိုတာကို မသိလိုက်ခြင်းဖြစ်ပါသည်။

ထို့ကဲ့သို့ မနက်ပိုင်းတွင် ရောင်းသူ့အသံ အမျိုးမျိုးကို ကြားရသလို နေ့လည်ပိုင်းတွင် ဝယ်သူ့အသံအမျိုးမျိုးကို ကြားရတတ်ပါသည်။ 'သတင်းစာစက္ကူတွေ. . ဗလာစာအုပ်အဟောင်းတွေ ဝယ်တယ်' ဟူသောအသံကိုလည်းကြားရတတ်ပါသည်။ တစ်ခါတရံ 'တိုင်ကပ်နာရီအပျက်တွေ. . . မျက်မှန်အဟောင်းတွေ ဝယ်တယ်' 'ကက်ဆက်ပုံးတွေ၊ တိုရှီဘာဘူးခွံတွေ ဈေးကောင်းပေးပြီး ဝယ်တယ်' ဆိုတာမျိုးတွေကိုလည်း ကြားရတက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင်'သံတို သံစတွေဝယ်တယ်' ဟူသော အသံတို့ကိုလည်းကြားရတက်ပါသည်။ သို့သော် သူတို့ကတော့ ပဲပြုတ်သည်တွေလို ပုံမှန်မဟုတ်ကြပါ။

ကျွန်မတို့ လမ်ထဲမှာလိုပင် အခြားသော ရပ်ကွက်များ၊ လမ်းများတွင်လည်း ဈေးသည်များရောင်းကြပုံ အော်ကြပုံ ထူးထူးခြားခြား ရှိနေကြမည် ထင်မိပါသည်။

----------

ကဲတွေ့ကြပြီ မဟုတ်လား။ စာစီစာကုံးဆိုတာ ကြီးကြီးကျယ်ကျယ်ကိစ္စကြီးတွေကို ရေးမှ မဟုတ်ပါဘူး။ ကိုယ်တွေ့နေကြုံနေကျ အသေးအဖွဲလေးတွေကိုလည်း ရေးလို့ဖြစ် တာပါပဲ။ စင်စစ်မှာတော့ အဲဒီလို အသေးအဖွဲကလေးတွေ၊ ကိုယ်စိတ်ထဲမှာသဘောကျလိုက်တာလေးတွေ၊ ထူးထူးခြားခြား သတိထားလိုက်တာလေးတွေကို ရေးကြရတာပါပဲ။ အရေးကြီးတာက မင်းတို့ကိုယ်တိုင် ခံစားမိလိုက်တာလေးတွေကို ပြန်ပြီးပြောတတ်ဖို့ပါပဲ။ ရေးကြည့်ကြစမ်းပါ၊

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်တို့မေမေ

ကျွန်တော်တို့ မေမေ၏အမည်မှာ ဒေါ်သိန်းသိန်းတင် ဖြစ်ပါသည်။ မေမေသည် အသက် ၃၅ နှစ် ရှိပါပြီ။ မေမေသည် အရပ်နည်းနည်း ပုပါသည်။ ဝတော့ သိပ်မဝပါ။ ထို့ကြောင့် မေမေ့ကိုယ်လုံးနှင့် အရပ်မှာလိုက်ပါသည်။ မေမေက အသားဖြူပါသည်။ အထူးသဖြင့် မေမေက ဆံပင်အလွန်ကောင်းပါသည်။ နဂိုက အရပ်နည်းနည်းပုနေသောကြောင့် ခေါင်းလျှော်ပြီး ဆံပင်ဖြန့်ချထားလိုက်လျှင် ခြေသလုံး လောက်ထိအောင်ရောက်ပါသည်။

မေမေက သူ့ဆံပင်ကို အလွန်မြတ်နိုးပါသည်။ တစ်ပတ်အခါလောက် ခေါင်းလျှော်တက်ပါသည်။ တစ်ခါက မိုးတွင်း မိုးအေးနေစဉ်ခေါင်းသွားလျှော်မရာ ဖျားသွားသောကြောင့် အတော်

www.burmeseclassic.com

www.burmeseclassic.com



ဆေးကုလိုက်ရပါသည်။ ထို့ကြောင့် ဖေဖေက မိုးအေးသော အခါများတွင် ခေါင်းမလျှော်ရန် မကြာခဏ သတိပေးပါသည်။

မေမေက မင်္ဂလာဆောင်၊ အလှူအတန်းများသို့သွားသော အခါတွင်သာ မိတ်ကပ် နည်းနည်းပါးပါး လိမ်းတတ်ပါသည်။ အိမ်မှာနေလျှင် ဘယ်တော့မှ မိတ်ကပ်တွေဘာတွေ မလိမ်းတက်ပါ။ သနပ်ခါးကိုသာ လိမ်းတတ်ပါသည်။ အဝတ်အစားဝတ်လျှင်လည်း ခေတ်ဆန်ဆန် မဝတ်တတ်ပါ။ ရိုးရိုးသာဝတ်တတ်ပါသည်။

မေမေက ထမင်းဟင်းချက်အလွန်ကောင်းပါသည်။ အထူးသဖြင့် ကုလားပဲဟင်းချက်လျှင် အလွန်ကိုကောင်းပါသည်။ ကျွန်တော်က မေမေချက်သော ကုလားပဲဟင်းကို အလွန်ကြိုက်ပါသည်။ကျွန်တော်က ခဏခဏ ချက်ကျွေးရန် ပြောပါသည်။ ကုလားပဲ ပြုတ်ရသည်မှာ အချိန် ကြာသောကြောင့် ခဏခဏ မချက်နိုင်ပါ။

မေမေက အဝတ်တွေကိုလည်း အိမ်မှာ ကိုယ်တိုင် လျှော်ပါသည်။ ကျွန်တော်က မေမေမီးပူတိုက်သောအခါ ကူတိုက်ပေးပါသည်။ မေမေက ဖေဖေ့ ပုဆိုးတွေကိုသာ အတိုက်ခိုင်းပါသည်။ အင်္ကျီတွေကိုတော့ မေမေကိုယ်တိုင် တိုက်ပါသည်။ ကျွန်တော်လည်း မတိုက်တတ်ပါ။

မေမေက ဘုရား၊ တရားလည်း ကြည်ညိုပါသည်။ ဘုရားပန်းကို လေးငါးရက် တစ်ခါလဲပါသည်။ ကျွန်တော်တို့လည်း ညအိပ်ရာ ဝင်တော့မည်ဆိုလျှင် ဘုရားကို ကန်တော့ပြီးမှ အိပ်ရာဝင်ရပါသည်။ မေမေက မနက်လင်းလျှင် ထမင်းအိုးတည်းထားပြီး ဘုရားသောက်တော်ရေလဲပြီး ဘုရားရှိခိုးပါသည်။ မေမေ့ အမျှဝေသံ ကြေးစည်သံတို့ကိုကြားလျှင် ကျွန်တော်တို့ အိပ်ရာက ထရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ကျွန်တော်တို့ ကျောင်းတတ်သည့်ရက်များတွင် မေမေက ထမင်းဘူးအားလုံးကိုသေချာပြင်ဆင်ပေးပါသည်။ အဝတ်အစား အားလုံးကိုလည်း မေမေက သေချာစစ်ဆေးပါသည်။ ကျောင်း ပြန်လာလျှင်လည်း ထမင်းဘူး စသည့်တို့ကို သေချာစစ်ဆေးပြီး နောက်နေ့အတွက် ဆေးကြောပေးပါသည်။ ယခုတော့ ကျွန်တော် တို့က မေမေကိုသနားသောကြောင့် ကိုယ့်ဘာသာ ဆေးပါသည်။**

-----------------------------

*သဘောလောက်ကိုပဲ ရေးပေးလိုက်ပါတယ်။ ငါ့စိတ်ကူးနဲ့ ရေးလိုက်တာပါ။ မင်းတို့ကိုယ်တိုင် ကိုယ့်မေမေ အကြောင်းကို ရေးကြည့်စေချင်ပါတယ်။ မေမေ့ အကြောင်း မှမဟုတ်ပါဘူး၊ ဖေဖေ၊ ဘွားဘွား၊ ဘိုးဘိုး၊ စသည့်အားဖြင့် ဘယ်သူ့အကြောင်းကိုမဆို ရေးကြည့်စေချင်တယ်။*

*အထက်မှာ ငါရေးပြခဲ့တာကိုကြည့်လိုက်ရင် မပြည့်စုံ သေးဘူးဆိုတာ မင်းတို့သတိထားမိပါလိမ့်မယ်။ ဆိုကြပါစို့ မေမေရဲ့ စကားပြောပုံ။ လမ်းလျှောက်ပုံဆိုတာတွေ မပါသေးဘူး။ နောက်ပြီး မေမေက စိတ်တိုတတ်သလား၊ သားသမီးတွေကို ရိုက်တတ်သလား၊ ဘယ်အခါမျိုး မှာရိုက်တတ်သလဲ ဆိုတာမျိုးတွေ မပါသေးဘူး။ နောက်ပြီး သားသမီး ဘယ်နှစ်ယောက်ရှိတယ် ဆိုတာတွေလည်း မပါသေးဘူး၊ အဲဒီ သားသမီးတွေကို မေမေက ဘယ်လို ဆက်ဆံသလဲ၊ အငယ်ဆုံးကလေးကို ဘယ်လို ဂရုစိုက်သလဲ ဆိုတာတွေမပါသေးဘူး၊အဲဒါတွေကိုပါလျှောက်ရေးလိုက်ရင် တော်တော်ကိုရှည်လျားတဲ့ စာစီစာကုံးကြီး ဖြစ်သွားမှာပေါ့။*

*မင်းတို့ကိုယ်တိုင်ရေးကြည့်စေချင်တယ်။ မင်းတို့ တစ်တွေ*

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နှာခေါင်းနှင့်ကိုယ် အသက်ရှူတတ်အောင်လို့ ဒီလို တိုက်တွန်းနေတာပါ။ ”

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားပန်းလဲခြင်း



www.burmeseclassic.com

www.burmeseclassic.com

## ဘုရားပန်းလဲခြင်း

ဘုရားပန်းလဲရခြင်းကို ကျွန်မ အလွန်ပျော်ပါ သည်။ မေမေ့ကြောင့် ကျွန်မဝါသနာ ပါသွားပါသည်။ ကျွန်မငယ်ငယ်တုံးက မေမေ ဘုရားပန်လဲတော့မည်ဆိုလျှင် ကျွန်မကို ခေါ်ပါသည်။ အဝကျဉ်းသော ပန်းအိုးကလေးများကို ကျွန်မ၏ လက်သေးသေးကလေးနှင့်အတွင်းသို့နိုက်ပြီး ဆေးခိုင်းပါသည်။ ပြီးလျှင် မေမေက "သမီးလေး ကုသိုလ်တွေ အများကြီးရသွားပြီး" ဟု ပြောပါသည်။ထိုအခါ ကျွန်မအလွန်ပျော်ပါသည်။ ထို့ကြောင့် မေမေ ဘုရားပန်လဲပြီးဆိုလျှင် ကျွန်မ မေမေ့အနားသို့ ရောက်သွားပါသည်။

မေမေက ပန်းအလှ ပြင်တာကို အလွန်ဝါသနာပါ ပါသည်။ မေမေ ဘုရားပန်လဲပြီးဆိုလျှင် အလွန်စိတ်ရှည်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြင်ထားလိုက်လျှင် အလွန်လှပါသည်။ ပန်းတွေကို အတိုအရှည် တစ်မျိုးစီဖြတ်ပြီး လှအောင်ထားတက်ပါသည်။ အိမ်ရှေ့တွင်ရှိသော ဝါးပင်များမှ ဝါးရွက်နုနုကလေးတွေကိုပင် ဘုရားပန်းနှင့်ရောပြီး ထိုးတက်ပါသည်။ မေမေလုပ်သောအခါ ဝါးရွက်ကလေး တွေကလည်း လှသွားပါသည်။ မေမေက ဘုရားပန်းကို တစ်မျိုးထဲ မဝယ်ပါ။ အရောင်စုံအောင် အပွင့်စုံအောင် ဝယ်တက်ပါသည်။

ဘုရားစင်ပေါ်သို့ တင်ပြီးသောအခါမှာလည်း အဝေးကသွားကြည့်လိုက်၊ ပန်းတွေကို ပြန်ပြင်လိုက်နှင့် လှနေအောင် လုပ်တတ်ပါသည်။ ပြီးမှ သေချာဘုရားကို ရှိုးခိုးပါသည်။ ကျွန်မလည်း ရှိခိုးပါသည်။ မေမေ ဘုရားပန်းလဲထားလိုက်ပြီးဆိုလျှင် ဘုရားစင်မှာ အလွန်ကြည်ညိုစရာကောင်းပါသည်။ ညရောက်၍ လျှပ်စစ်ဘုရားမီးကို ဖွင့်လိုက်ပြီးဆိုလျှင် မေမေက ဘုရားမီးရောင်အောက်က ဘုရားပန်းတွေ သပ္ပါယ်စွာလှနေပုံကိုသေချာကြည့်တတ်ပါသေးသည်။

ဘုရားပန်းအိုးက ရေကို နှစ်ရက်တစ်ခါ သုံးရက် တစ်ခါ လဲပေးပါသည်။ ရေလဲလိုက်တိုင်း ပန်းတွေကို နောက်တစ်မျိုး လှသွားအောင် မေမေက ပြင်ပေးတတ်ပါသည်။ မေမေက ဘုရားပန်းကို ညှိုးသည်ထိအောင် ဘယ်တော့မှ မထားပါ။ ဖေဖေက "မကြီးကဟော့ သူ့ခေါင်းမှာသ ပန်းမပန်ရင်ရှိမယ်၊ ဘုရားပန်းတော့ ဘယ်တော့မှ မညှိုးရဘူး"ဟု မကြာခဏချီးကျူးတက်ပါသည်။

---

*ကဲ။ ။ မင်းတို့တွေ့နေကျ မြင်နေကျ ကလေးတွေကို*

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရေးလိုက်တော့လည်း စာစီစာကုံး ဖြစ်သွားပြန်တာပဲ မဟုတ်လား။ စာစီစာကုန်း ဆိုတာ မင်းတို့ အနားမှာအမြဲရှိနေတာပါ။ မင်းတို့က မြင်တတ်ရင်၊ သတိပြုပြီး ကြည့်တတ်ရင် ရေးစရာတွေ တစ်ပုံကြီး တွေ့နေမှာပါပဲ။

ဆိုကြပါစို့ . . .။ မင်းတို့ မေမေဈေးသွားရင် ဘယ်လိုသွားတတ်သလဲ၊ ဘယ်လောက်ကြာတက်သလဲ၊ ပြန်လာရင် ဘာတွေဝယ်လာတတ်သလဲ။ မေမေဈေးက ပြန်လာပုံရယ်၊ ဝယ်လာတဲ့ ပစ္စည်းတွေရယ်ကို တစ်ခါ လောက်သေချာကြည့်မှတ်ပြီး ရေးကြည့်ပါလား။

ဒါမှမဟုတ် မေမေ ဟင်းတစ်အိုးတည်ဖို့ ပြင်ဆင် နေပုံကို ကြည့်ပါလား။ ဟင်းရွက် သားငါးတွေကို ပြင်ဆင် နေပုံကိုကြည့် ပြီး မှတ်ထား စမ်းပါလား။ ဥပမာ. . .ကန်စွန်းရွက် ချဉ်ဟင်း ချက်တယ် ဆိုပါတော့၊ ကန်စွန်းရွက်တွေကို သင်မယ်၊ နောက်ပြီး ရေဆေးမယ်. . . စသည်အားဖြင့် ပြင်ဆင်ပုံကိုသေချာကြည့်ထား လိုက်မယ်ဆိုရင် စာစီစာကုံး ရေးနိုင်ရုံသာမက မင်းတို့ ကိုယ်တိုင် ဟင်းချက်တတ်မသွားပေးဘူးလား။

သူများရေးတဲ့စာစီစာကုံးကို နည်းယူဖို့ လောက်သာကြည့် ရတာ။ အားမကိုးရဘူး။

သူများကိုချည်း အားကိုးနေရင် ကိုယ့်အားက ဘယ်တော့ မှ ထွက်မလာတော့ဘူး။ အဲဒါ မြဲမြဲ မှတ်ထားကြ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အကြိုက်ဆုံးမြန်မာမုန့်

ကျွန်တော်သည် မုန့်ဆိုလျှင် ဘာမုန့်မဆို ကြိုက်ပါသည်။ တရုတ်မုန့်၊ ချစ်တီးမုန့်၊ ဟိန္ဒူမုန့်၊ ဂျပန်မုန့်၊ အင်္ဂလိပ်မုန့်၊ မုန့်ဟူသမျှ အားလုံး ကြိုက်ပါသည်။ သို့သော် တစ်ခြားမုန့်တွေထက် မြန်မာမုန့်ကို ပိုကြိုက်ပါသည်။ မြန်မာမုန့်ထဲတွင် ကျွန်တော်တို့ အားလုံးအကြိုက် အညီကြဆုံးမှာ မုန့်ဟင်းခါးဖြစ်မည် ထင်ပါသည်။ ကျွန်တော်လည်း မုန့်ဟင်းခါးကို အလွန်ကြိုက်ပါသည်။ သို့သော် ဘယ်တော့မဆို စားလို့ မဝနိုင်လောက်အောင်ကျွန်တော် အ[ ] ကိုက်ဆုံးမုန့်မှာ 'မုန့်လင်မယား' ပင်ဖြစ်ပါသည်။

မုန့်လင်မယားကို သေချာကောင်းအောင် လုပ်သော ဆိုင်ဆိုလျှင် ကျွန်တော် မမေ့တော့ပါ။ ထိုဆိုင်နားသို့ ရောက်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မစားဘဲ မနေနိုင်တော့ပါ။ တစ်ချို့ဆိုင်တွေက မုန့်လင်မယားကို ရိုရိုသေသေ မလုပ်ကြပါ။ ဖြစ်သလိုလုပ်တက်ပါသည်။ ဆီကလည်း နည်းတက်ပါသည်။ အထဲတွင်လည် ပဲမထည့်ကြပါ။ တကယ်ကောင်းသည့် ဆိုင်များက စားတော်ပဲပါလေးပါ ထည့်တက်ပါသည်။ ထို့ပြင် မုန့်ရည်တွင်လည်း ချင်း၊ ကြက်သွန်မြိတ် စသည်တို့ကို ထည့်လိုက်သေးသောကြောင့် မွှေးလည်း မွှေးနေပါသည်။ ပဲစေ့ ထည့်သည်ဆိုသော်လည်း တစ်ခုမှ နှစ်စေ့ သုံးစေ့မျှသာ ပါပါသည်။ သို့သော် ထို နှစ်စေ့ သုံးစေ့လေး၏ အရာသာမှာ ပြောမပြနိုင်လောက်အောင် ကောင်းပါသည်။ ထိုပြင်ဆီကို နှမြောလွန်းနေလျှင်လည်း အရသာ မရှိပါ။ ထို့မျှမက မီးရှိန်မကောင်းလျှင်လည်း အရာသာ မရှိပါ။ မီးရှိန် ကောင်းကောင်းနှင့် အနည်းငယ် ချိုးကပ်သွားမှ စားလို့ကောင်းပါသည်။ ဝါလို့လည်း ကောင်းပါသည်။

ထိုပြင် မုန့်လင်မယားဆိုသည်မှာ အိမ်ကို ဝယ်လာပြီး စားလို့ ကောင်းသည်မဟုတ်ပါ။ ဆိုင်မှာ ထိုင်ပြီး ပူပူနွေးနွေး စားမှသာ ကောင်းပါသည်။ ကျွန်တော်ကတော့ မုန့်လင်မယား စားမှသာ ကောင်းပါသည်။ ကျွန်တော်ကတော့ မုန့်လင်မယား စားပြီးဆိုလျှင် ဆိုင်မှာ သေချာထိုင်ပြီး အိုးကင်းထဲ မုန့်ကို စောင့်ပြီး စားပါသည်။ ပူပူကို အေးအောင် မစောင့်နိုင်ပဲ အလောတကြီး စာမိသော ကြောင့် ကျွန်တော့မှာ လျှာကျက်သွားတာ မကြာခဏ ဖြစ်ပါသည်။ ထို့သို့ဖြစ်လျှင် ဆိုင်ရှင်က ကျွန်တော်ကို ကြည့်ပြီး ရယ်လေ့ရှိပါသည်။ အမှန်ပြောရလျှင် ဤစာကို ရေးနေရင်းပင် မုန့်လင်မယားတွေကို မြင်ယောင်ပြီး သွားရည်ကျနေမိပါသည်။

ထို့မျှပင် မုန့်လင်မယားကိုကြိုက်သော်လည်း စိတ်ရှိလက်ရှိ မစားနိုင်ပါသည်။ ဆီဈေးကြီးသောကြောင့် မုန့်လင်မယားကလည်း ဈေးတက်လာပါသည်။ ယခုဆိုလျှင် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



အရပ်ထဲမှာ မုန့်လင်မယား နှစ်ခု(တစ်အုပ်)ကို ငါးကျပ် ပေးရပါသည်။ ကျွန်တော်က ဆယ်အုပ်လောက် စားလျှင်တောင် အားမရချင်ပါ။ အနည်းဆုံး ဆယ့်ငါးအုပ်လောက်တော့ စာပစ်လိုက်မိတက်ပါသည်။ ထို့ကြောင့် မုန့်ဟင်ခါးထက်ပင် ပိုက်ဆံ ကုန်ပါသေးသည်။ ကျွန်တော့် မေမေက 'မုန့်ဟင်းခါးကမှ ဗိုက်ဝသေးတယ်' ပြောပါသည်။ မေမေ ပြောတာလည်း မှန်တော့မှန်ပါသည်။ မုန့်လင်မယား ဘယ်လောက်ပဲ စားထားထား ခဏကြာလျှင် ရင်ပြန်ချောင် သွားပြီး ပြန်ဆာလာပါတော့သည်။

ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ကတော့ ကြီးလာလျှင် အိမ်တွင် မုန့်လင်မယားလုပ်သော ဒယ်ကို အပိုင်ဝယ်ထားပြီး ခဏခဏ မုန့်လင်မယား လုပ်စားလိုက်မည် ဟုအားခဲထားပါသည်။

-----------------

ကဲ. . . စာစီစာကုံးဆိုတာ ဘယ်အကြောင်း ကိုပဲရေးရေး ဖြစ်နိုင်တယ် ဆိုတာတွေ့ကြပြီ မဟုတ်လား။ မင်းတို့လဲပဲ မင်းတို့ အကြိုက်ဆုံး မုန့်တစ်မျိုးမျိုး အကြောင်းကိုး ရေးစမ်း ကြည့်လိုက်ရင် စားစီစာကုန်းတစ်ပုဒ် ဖြစ်သွားမှာပါပဲ။ စမ်းကြည့် စေချင်ပါတယ်။ လက်နဲ့ချပြီး ရေးမကြည့်ချင်ရင်တောင်မှ စိတ်ကူးနဲ့ ရေးကြည့် စေချင်တယ်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မိသားစုကျန်းမာရေး

ကျွန်မတို့မှာ မွေးချင်း နှစ်ယောက်ရှိပါသည်။ ကျွန်မနှင့် မောင်းလေးမှာ အသက် (၇)နှစ်ကွာပါသည်။ သူက အခုမှ (၃)နှစ်သာ ရှိပါသေးသည်။ကျွန်မ သူ့ကို အလွန်ချစ်ပါသည်။ မောင်လေးကလည်း ကျွန်မကို အလွန်ချစ်ပါသည်။ ကျွန်မ ကျောင်းသွားတော့မည်ဆိုလျှင် သူက ငိုပါသည်။ သူလည်းလိုက်မည်ဟုပြောပြီး ငိုခြင်း ဖြစ်ပါသည်။ ကျွန်မလည်း စိတ်မကောင်းပါ။ သို့သော် ကျောင်းသို့ သွားရပါသည်။ ကျွန်မကျောင်းက ပြန်လာပြီဆိုလျှင် မေမေ ချီထားပါလျက်နှင့်ပင် မေမေ့ကိုယ်ပေါ်က အတင်းဆင်းပြီး ကျွန်မထံ ပြေးလာလေ့ရှိပါသည်။ ကျွန်မက လွယ်အိတ်ကို ချထားပြီး သူခဏမျှဖြစ်စေ ချီထားလိုက်မှ ကျေနပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားလျှင်လည်း ကျွန်မ ခွံ့ကျွေးမှ စားပါသည်။ ညအိပ်ခါနီးလျှင်ကျွန်မကပုံပြောပြပါသည်။သူက ပုံပြောသည်ကိုအလွန်ကြိုက်ပါသည်။သီးချင်းဆိုသိပ်လျှင်လည်း ကြိုက်ပါသည်။

လွန်ခဲ့သော နှစ်ပတ်လောက်က မောင်လေး အပြင်အထန် ဖျားပါသည်။ ပထမ သိပ်မဖျားပါ။ ဖေဖေက မေမေ့ကို ဆေးခန်း သွားပြဖို့ ပြောပါသည်။ မေမေက ငန်းဆေးလား မသိပါ။ ထိုဆေးကိုသာ ရေးနွေးနှင့် တိုက်ပါသည်။ ထိုညရောက်တော့ ကိုယ်တွေ အလွန်အမင်ပူလာပါသည်။ အဖျား ၁၀၅ ထိအောင် ရောက်သွားပါသည်။ မေမေလည်း စိတ်ပူပြီး မောင်လေးနဖူးကို ရေခဲအဝတ် အုပ်ပေးပါသည်။ ကျွန်မလည်း မေမေ့ကို ကူပေးရပါသည်။ မောင်လေးလည်း မှိန်းနေပါသည်။ ကျွန်မလည်း ခဏမှိန်းလိုက်ရာ အိပ်ပျော်သွားပါသည်။ နိုးလာတော့မနက် ၈နာရီထိုးနေပါပြီ။ မောင်လေးကိုကြည့်လိုက်တော့ မရှိတော့ပါ။ မေမေနှင့် ဖေဖေလည်း မရှိပါ။ အန်တီ့ကို မေးကြည့်လိုက်မှ မောင်လေး မသက်သာလို့ ကလေးဆေးရုံကြီးသို့ခေါ် သွားကြောင်း သိရပါသည်။

ကျွန်မစိတ်ထဲတွင် မောင်လေးတစ်ခုခုဖြစ်သွားရင်ဟု တွေးမိလိုက်သောအခါ မျက်ရည်တွေ အလိုလို ကျလာပါတော့သည်။ ကျွန်မ ဘုရားစင်ရှေ့သို့ သွား၍ ဘုရားရှိခိုး ပြီး မောင်းလေး ကျန်းမာလာစေရန် ဆုတောင်းမိပါသည်။ သို့သော် မျက်နှာသစ်ရန် မေ့သွားသောကြောင့် ကျွန်မမျက်နှာကို သေချာ သန့်စင်နေအောင် သစ်ပါသည်။ ပြီးမှ ဘုရားထံသွားပြီး တပည့် တော် မျက်နှာမသစ်ဘဲ ရောက်ခဲ့သည်ကို ခွင့်လွှတ်ပါရန် လျှောက်ထားပြီး မောင်လေး ကျန်းမာအောင် ဆုတောင်းပါသည်။ ထို့နောက်မေမေ့ပုတီးကို ယူပြီး

www.burmeseclassic.com

www.burmeseclassic.com



ပုတီးစိပ်ပါသည်။ ကျွန်မ ပုတီးစိပ်တာ အရဟံကိုပဲ စိပ်တက်ပါသည်။ ထို့ကြောင့် အရဟံ အရဟံ ဆိုပြီး ပုတီးစိပ်ပါသည်။ တစ်ပတ်ပြည့်တိုင်း 'မောင်လေး ကျန်းမာပါစေ ဘုရား' ဟုရှိခိုးပြီး ဆုတောင်းပါသည်။

(၉)နာရီလောက် ထိုးတော့ မေမေတို့ ပြန်ရောက်လာပါသည်။ မောင်လေး အူရောင်းတာဟု ပြောပါသည်။ ဆေးတွေလည်း တိုက်ရပါသည်။ ကျွန်မက မောင်လေးကို ရေတိုက်သောအခါ မသောက်ပါ။ မိုင်လိုကိုလည်း မသောက်ပါ။ နှစ်ရက်အတွင်းလောက်မှာ မောင်လေး အလွန်ပိန်သွားပါသည်။ မောင်လေး၏ ခြေထောက်ကလေးကို ကိုင်ကြည့် လိုက်တော့ အသားတွေမှာ ပျော့နေပါသည်။ ကျွန်မ အလွန်ဝမ်းနည်းပါသွာမိပါသည်။ ကျွန်မက မောင်လေးကိုလ 'မောင်လေး နေကောင်းလာရင်း မမနဲ့ ကစားရအောင်နော်' ဟုပြောသောအခါ မောင်လေးက ခေါင်းလေးကို သာသာလေး ညိတ်ပြပါသည်။ ပြီးတော့မျက်စိပြန်မှိတ်သွားပါသည်။ ကျွန်မ ဝမ်းနည်းလွန်းသောကြောင့် အပြင်မှာ ထွက်ပြီး ငိုပါသည်။

နှစ်ရက်လောက်ကြာသောအခါ မောင်လေး နေကောင်းလာပါသည်။ ကျွန်မကို ထမင်း ခွံ့ခိုင်းပါသည်။ ထမင်းမရစားသေးပါ။ ထို့ကြောင့် ကျွန်မက စွပ်ပြုတ်ရည်ကို ချော့တိုက်ရပါသည်။ ပုံပြောရင်းတိုက်တော့ မောင်လေး ပိုသောက်ပါသည်။

အခု မောင်လေးကောင်းကောင်းကြီး နေကောင်းသွားပါပြီ။ သို့သော် ကျွန်မစိတ်ထဲတွင် မောင်လေး နောက်ထပ် နေမကောင်းဖြစ်မည်ကို အလွန်စိုးရိမ်နေပါပြီ။ ကျန်းမာရေးသည် အလွန်ကို အရေးကြီးသည်ဟု ကျွန်မ သိပါပြီး။

www.burmeseclassic.com

www.burmeseclassic.com



ဘဘဒီတစ်ခါ ရေးလိုက်တာကတော့ မိသားစုတွေ အတွင်းမှာ ကြုံရတက်တာကလေးတွေကို ရေးလိုက်တာပါပဲ။ ဒါပေမယ့် ပေါ့ပေါ့ မထင်လိုက်ကြပါလေနဲ့။ 'ကျန်းမာခြင်းသည် လာဘ်တစ်ပါး' ဆိုတာမျိုးကို ဒီလိုရေးလိုက်ရင်လဲ ရတာပဲ ဆိုတာကို သဘောပေါက်ကြ စေချင်ပါတယ်။

ဘဘမင်းတို့ကို ပြောချင်တာက မင်းတို့တွေ့တာ ကြုံတာ တွေကို အဲဒီလို ရေးတက်အောင် ကြိုးစားကြပါ။

အဲဒီလို ရေးတက်တာဟာ သူများရေးထားတဲ့ စာစီစာကုံး ကို ကူးရေးပုံတူ အတုခိုးနေတာတွေထက် ပိုပြီးမြင့်နေတယ်ဆိုတာ ကို သဘောပေါက်ကြဖို့ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## မေမေဖြူလေး

ကျွန်မတို့အိမ်တွင် 'မိဖြူ'ဟုခေါ်သော ကြောင်မလေး တစ်ကောင် ရှိပါသည်။ စင်စစ် ကျွန်မတို့မွေးထားသော ကြောင် မဟုတ်ပါ။ အိမ်နီးချင်း အိမ်တစ်အိမ်က ကြောင်မလေးဖြစ်ပါသည်။ အိမ်ကို ခဏခဏ လာရာမှ ကျွန်မတို့အိမ်က ကြောင် ဖြစ်သွား ပါသည်။ ကျွန်မတို့ ဒေါ်လေးက တိရစ္ဆာန်ကလေးတွေကို အလွန် ချစ်တက်ပါသည်။ ထိုကြောင်မလေးကိုလည်း ချစ်ပါသည်။ မိဖြူ ဆိုသော နာမည်မှာလည်း ဒေါ်လေးက ပေးထားသော နာမည် ဖြစ်ပါသည်။ အမှန်အားဖြင့် တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူ မဟုတ်ပါ။ လည်ဂုတ်နားတွင် အဝါကွက် ကလေး ပါနေပါသေးသည်။

မိဖြူအိမ်ကို ရောက်လာလိုက်လျှင် ဒေါ်လေးက တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com



တော့ အမြဲကျွေးပါသည်။ နောက်တော့ မိဖြူက ဒေါ်လေးထံမှာ တညောင်ညောင် မြည်ပြီး အစာတောင်း တတ်ပါသည်။ တိရစ္ဆာန် ပင်ဖြစ်သော်လည်း အိမ်သားများတွင် ဒေါ်လေးက သူ့ကို ဂရုအစိုက်ဆုံး ဆိုသည်ကိုကောင်းကောင်းသိပါသည်။ မနက် ငါးနာရီလောက်ဆိုလျှင် မိဖြူက ဒေါ်လေး အိပ်ခန်းတံခါးကို လက်သည်းနှင့်ခြစ်ပြီး တညောင်ညောင် အော်၍ နှိုးလေ့ရှိပါသည်။

ဒေါ်လေးက ညတိုင်း ဘုရားရှိခိုးတက်ရုံမျှမက ဘုရားစင် ရှေ့တွင် အချိန်တော်တော်ကြာ ပုတီးစိပ်လေ့ရှိပါသည်။ ဒေါ်လေး ပုတီးစိပ်လျှင် မိဖြူက ဒေါ်လေး ပေါင်ပေါ်တွင် ငြိမ်ငြိမ်လေး အိပ်နေလေ့ရှိပါသည်။ ဒေါ်လေးက ကျောင်းဆရာမတစ်ယောက် ဖြစ်ပါသည်။ နံနက်ကျောင်းသွားရန် အဝတ်အစားလဲ၊ ဆံပင်ခြင်းတွေ ဘာတွေ ပြင်ဆင်ပြီဆိုလျှင် မိဖြူကသိပါသည်။ ဒေါ်လေးနှင့် အတူ လှေကား ထိအောင် လိုက်သွားတတ်ပါသည်။ ညနေ ဒေါ်လေး ပြန်လာချိန်ဆိုလျှင် မိဖြူက လှေကားဝက စောင့်နေတတ်ပါသည်။ ဒေါ်လေးက သူ့ကိုမြင်လိုက်၍ 'မိဖြူ'ဟုခေါ်လိုက်လျှင်'ညောင်'ဟု ထူးပါသည်။ သူ့ကိုခေါ်မှန်းသိပါသည်။

မကြာခင်ပင် မိဖြူမှာ ကိုယ်ဝန်ရှိလာပါသည်။ ဒေါ်လေး က သနားသောကြောင့် အစာကိုပိုကျွေးပါသည်။ မိဖြူက သားမွေး သောအခါ တစ်ကောင်တည်းပဲ မွေးပါသည်။ အထီးလေး ဖြစ်ပါ သည်။ ထိုကြောင်ကလေးမှာလည်း မိဖြူလိုပဲ အဝါကွက် ကလေးနှင့် ဖြစ်ပါသည်။ သို့သော် သူ့အဝါကွက်က ပိုကြီးပါသည်။

ကျွန်မတို့အိမ်ကကျောင်းသား၊ ရုံးအလုပ်သမား တွေချည်း ဖြစ်သောကြောင့် နေ့လယ်ဆိုလျှင် အိမ်မှာ ဘယ်သူမှ မရှိပါ။ မိဖြူကလည်း သူ့သားလေးကို စိတ်ချဟန်မတူပါ။ကလေးကို

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်ပေါ် တင်ထားပါသည်။ တစ်ခါတလေ သူ့သားလေးကိုကိုက်ပြီး အောက်သို့ ချလာတက်ပါသည်။ သို့သော် ကြာကြာတော့ မထားပါ။ မျက်နှာကျက်ပေါ် ပြန်တင် သွားတတ်ပါသည်။ ယခု ကျွန်မ ဤစာကိုရေးနေချိန်ထိ ကြောင်ကလေးက လမ်းမလျှောက်နိုင်သေးပါ။ မျက်လုံးတော့ ဖွင့်ပါပြီ။

ကျွန်မ အလွန်အံ့ဩမိတာတစ်ခုကို ယခု ပြောပါတော့မည်။

မနေ့က ဝါဆိုလပြည့်နေ့မို့ ဒေါ်လေးကဥပုသ် စောင့်ပါသည်။ ဘုရားစင်ရှေ့တွင် ဒေါ်လေး ပုတီးစိပ်နေစဉ် မိဖြူက သူ့သားလေးကို ကိုက်ချီယူလာပြီး ဒေါ်လေးရှေ့တွင် ချထားလိုက်ပြီးနောက် ဒေါ်လေးပေါင်ပေါ် တက်လိုက်ပြီး ညောင်ညောင်နှင့် မြည်နေပါသည်။ ဒေါ်လေးက မျက်စိမှိတ်ထားပါသည်။ မျက်စိဖွင့် မကြည့်ပါ။ ထိုအခါကျတော့ မိဖြူက ဒေါ်လေး၏ ပါးကို လက်ကလေးနှင့်အသာတို့ပြီး ညောင်ညောင်ဟုမြည်နေပြန်ပါသည်။ ဒေါ်လေးက မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ မိဖြူက သူ့သားလေးဆီသွားပြီး လျှာနှင့်လျက်ပါသည်။ ထို့နောက်ဒေါ်လေးကို ကြည့်လိုက်ပြီး ညောင်ညောင်မြည်ပြန်ပါသည်။ ဒေါ်လေး "အေး. . . အေး. . . မိဖြူနှင့်သားလေးကိုလည်း ငါဂရုစိုက်ပါ့မယ် သွားတော့ သွားတော့" ဟုပြောပြီး ကြောင်ပေါက်စကလေးကို လက်နှင့် တစ်ချက်လောက် ယုယုယယသပ်ပေးလိုက်တော့မှကြောင်ကလေး ကိုက်ချီပြီး မျက်နှာကြက်ပေါ် ပြန်တက်သွားပါ သည်။

တစ်ခြားသူပြောလျှင် ကျွန်မ ယုံနိုင်မည် မဟုတ်ပါ။ စာထဲဖတ်ရလျှင်လည်း တကယ်မဖြစ်နိုင်ဟု ထင်မိပါသည်။ ယခု

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့ကြုံလိုက်ရသောအခါ ကျွန်မ အလွန်အံ့သြလှရုံမျှသာမက မိဖြူကို ချစ်လည်းချစ် သနားလည်း သနားမိသွားပါသည်။ ကျွန်မသည် ကြောင်တွေ ဘာတွေကို သိပ်မချစ်တတ်ခဲ့ပါ။ မိဖြူ ထိုကဲ့သို့ သူ့သားလေးကို ဒေါ်လေးအား အပ်နေသည်ကို တွေ့လိုက်တော့ ကျွန်မတို့ကို မေမေက ကျောင်းလိုက် ပြီးအပ်ပေးသည် ကိုသတိရမိသောကြောင့် ရင်ထဲမှာ ဆို့သလိုလိုပင် ဖြစ်သွားပါသည်။

ကျွန်မအဖို့ ကြောင်ကလေး'မိဖြူ' အဖြစ်မမြင်မိတော့ပါ။ 'မေမေဖြူလေး' ဟု မြင်လာမိပါတော့သည်။

\-\-\-\-\-\-\-\-\-\-

*ဘာဘာတိုက်တွန်းပါရစေ။မင်းတို့အိမ်မှာရှိတဲ့ ကြောင်ကလေးတွေ ခွေးကလေးတွေကို သေချာ ကြည့်စမ်းပါ။ ချစ်စရာ သနားစရာလေးတွေးကို တွေ့လာရပါ လိမ့်မည်။ အခုရေးခဲ့တာဟာ စိတ်ကူးမဟုတ်ပါဘူး။မနေ့တုန်းက ဘာဘာတပည့် ကျောင်းဆရာမလေး တစ်ယောက်ကပြောပြတာကိုသတိရနေတာနဲ့ ကျောင်းသူလေးတစ်ယောက်ရဲ့ ရေးဟန်နဲ့ ပြန်ရေး လိုက်တာပါ။ ဒါမျိုးလေးတွေကို ကိုယ်တိုင်ရှာဖွေပြီး ရေးကြည့် စမ်းပါ။ မင်းတို့ ရေးနိုင်ပါတယ်။ ကိုယ်တိုင်လုပ်စမ်းမကြည့်ဖူးဘဲနဲ့ဖြစ်မှာ မဟုတ်ဘူးလို့ ထင်မနေကြ နဲ့။ လုပ်ကြည့်စမ်းပါ။ မဖြစ် သေးရင် ထပ်ပြီး လုပ်ကြည့်ပါ။ ဖြစ်ကို ဖြစ်လာပါလိမ့်မယ်။ ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်တို့ဦးလေး

ပန်းချီ တင်မောင်မျှင်

www.burmeseclassic.com

# ကျွန်တော်တို့ ဦးလေး

ကျွန်တော်တို့တွင် ဦးလေး တစ်ယောက်ရှိပါသည်။ မေမေ၏ မောင်အငယ်ဆုံးဖြစ်ပါသည်။ သူက ဆယ်တန်းအောက်ပြီး စက်မှုကျောင်း တစ်ခုတွင် တက်နေပါသည်။ ကျောင်းပိတ်ရက်များတွင် ကျွန်တော်တို့ အိမ်ကို လာနေတတ်ပါသည်။ သူလာလျှင် ကျွန်တော်တို့လည်း ပျော်ပါသည်။ ဦးလေးက စက္ကူစွန်ကလေးတွေ၊ အရုပ်ကလေးတွေ လုပ်တက်ပါသည်။ ဦးလေးက ပန်ချီလည်း ရေးတက်ပါသည်။

သို့သော် ဦးလေးက ကျွန်တော်တို့ကို အလွန် စတတ်ပါသည်။ ကျွန်တော် စာရေးလျှင် အနားက ဖြတ်သွားရင်း ကျွန်တော့်ကို မမြင်ချင်ယောင်ဆောင်ကာ တိုက်သွားတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အော်လိုက်လျှင် 'မမြင်လို့ပါကွ'ဟု ပြောတတ်ပါသည်။ သူရေသောက်ပြီးလျှင် လည်းခွက်ထဲတွင် ရေနည်းနည်း ချန်ပြီး ကျွန်တော့်ကို နောက်ပြန် လှမ်းပက်တတ်ပါသည်။ ကျွန်တော်က အော်လိုက်လျှင် သူက 'မင်းကဒီမှာ ရောက်နေတာကိုး၊ မင်းရှိနေမှန်း မသိလိုက်ဘူး'ဟု ပြောတတ်ပါသည်။

ကျွန်တော်က မှောက်လျားထိုးပြီး စာရေးနေလျှက် ကျွန်တော့် ပေါင်ကို ဖြတ်နင်းသွား တတ်ပါသည်။ ကျွန်တော်က အော်လိုက်လျှင်'မင်းညောင်းနေမှာ စိုးလို့ကွ'ဟု ပြောတတ် ပါသည်။ နောက်တော့ ထိုကဲ့သို့ မှောက်လျားထိုးနေစဉ် သူလာ လိုက်လျှင် ကျွန်တော်က ချက်ချင်းထပြီး ထိုင်လိုက်ရပါသည်။ ထိုအခါကျတော့ သူက ကျွန်တော့် ကိုယ်ပေါ်ခွပြီး ခေါင်ပေါ် ထိုင်တတ်ပါသည်။ ကျွန်တော်ကသူ့ပေါင်ကိုကိုက်ဆွဲလိုက်မှ ရယ်ပြီး ထသွားပါသည်။

မနေ့က ဦးလေး အိမ်ရောက်လာပါသည်။ ကျွန်တော် က ထမင်းစား စားပွဲတွင် ထိုင်ပြီး မုန့်စားမည် လုပ်နေပါသည်။ ဦးလေးကအနားရောက်လာပြီး 'ငါ မင်းကို မျက်လှည့်ပြမယ်ကြည့် မလား' ဟုပြောရာ၊ ကျွန်တော်က 'ကြည့်မယ်လို့ပြောလိုက် ပါသည်။ ဦးလေးက အနားတွင် ရှိနေသော ဘီရိုပေါ်က ကျွန်တော့် ဦးထုပ်ကိုယူလိုက်ပြီး နောက်စားပွဲပေါ်သို့ ချထားလိုက်ပါသည်။ ထို့နောက် ကိတ်မုန့်ကို ဦးထုပ်အောက်သို့ သွင်းလိုက်ပါသည်။ ဦးထုပ်ကို မပြလိုက်ပါသေးသည်။ ကျွန်တော်က ဦးထုပ်အောက်မှ ကိတ်မုန့်ပျောက်သွားအောင် လုပ်ပြလိမ့်မည်ဟု ထင်နေပါသည်။ ဦးလေက 'ငါ ဒီကိတ်မုန့်ကို မင်းရှေ့မှာ စားပြမယ်၊ နောက်ပြီး ဒီဦးထုပ်အောက်ကို ကိတ်မုန့် ပြန်ရောက်စေရမယ်'ဟု ပြောပါသည်။ 'ကျွန်တော်က တကယ်ပြန်ရောက်မှာလား'ဟု မေးပါသည်။ 'သူက

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ပြန်ရောက်စေရမယ်' ဟုပြောပါသည်။ ကျွန်တော်က 'တကယ်နော်' ဟု မေးတော့ 'တကယ်ပြန် ရောက်စေရမယ်၊ မရောက်ရင် မင်းကို မုန့်တစ်လုံး အစားလျော်ပေးမယ်' ဟု ပြောပါသည်။

ကျွန်တော်က 'ဒါဖြင့်ရင်စား'ဟု ပြောလိုက်ရာ ဦးလေးက တကယ်စားပါသည်။ ကျွန်တော်ကလည်း စောင့်ကြည့်နေပါသည်။ ကုန်သွားတော့ သူဘာမှ မပြောသဲ ဦးထုပ်ကို ဆောင်းလိုက်ပါသည်။ ကျွန်တော်က 'ဦးလေး-မုန့်ကို ဦးထုပ်အောက် ပြန်ရောက်အောင် လုပ်လေ' ဟုပြောပါသည်။ သူက 'ပြန်ရောက်နေပြီလေ'ဟုပြောရာ 'ဘယ်မှာ ရောက်လို့လဲ' ဟု ကျွန်တော်က ပြောပါသည်။ သူက 'အခု ရောက်နေပြီလေ၊ မုန့်က ဗိုက်ထဲမှာ၊ ဦးထုပ်အောက်မှာ မဟုတ်ဘူးလား'ဟု ပြောပါသည်။

ထိုအခါကျမှ ကျွန်တော့် မုန့်ကို ညာစားမှန်း သိသော ကြောင့် မေမေ့ကို တော်တိုင်ပါသည်။ မေမေကို ပြောပြတော့ မေမေကရယ်ပါသည်။ ကျွန်တော်က ငိုပါသည်။ နောက်တော့ မေမေက 'ငြိမ်းရယ် နင် ရောက်လာလိုက်ရင် ဒီကောင်လေးကိုပဲ အငိုရှာနေတော့တာပဲ၊ သူ့မုန့်ကို ပြန်ပေးလိုက်စမ်း နားငြီးလှချည်လို့' ဟုပြောလိုက် တော့ဦးလေးက ကျွန်တော့်ကို လမ်းထိပ်က မုန့်ဆိုင် ခေါ်သွားပါသည်။ ကျွန်တော်က ကြိုက်ပါသော မုန့်ထုပ် တစ်ထုပ်ကို ဆွဲဖြုတ်လိုက်တော့ သူက 'ပေ့ကောင်-အဲဒီ မုန့်မဟုတ်ဘူး၊ မင်းမုန့်ချိုကိုပဲ ယူပါလား' ဟုပြောပါသည်။ ကျွန်တော်က မုန့်ထုပ်ကို

www.burmeseclassic.com



ချက်ချင်းဖောက်လိုက်ရာ ဦးလေး ငွေငါးဆယ်ထွက်သွားပါသည်။ ကျွန်တော် အလွန်ပျော်သွားပါသည်။ ဦးလေးက 'အဲဒီမုန့်ထုပ်ကို ဦးထုပ်အောက် ပြန်ရောက်အောင် လုပ်ပြရမလား' ဟုပြောပါသေးသည်။ ကျွန်တော်က 'တော်ပြီ–မလုပ်ချင်တော့ဘူး' ဟု ပြန်ပြောလိုက်ပါသည်။

-------------

*ကဲ . . . မင်းတို့ ဦးလေးတွေ၊ဒေါ်လေးတွေအကြောင်းကို စာစီစာကုံးရေးချင်ရင်လဲ ဖြစ်တာပဲ မဟုတ်လား။ အဲဒီလို မင်းတို့ကို စတတ်၊ ကျီစားတတ်တဲ့ ဦးလေးတွေ ဘာတွေ မရှိဘူးလား။ ရှိရင် သူတို့အကြောင်း၊ သူတို့ စတတ်ပုံတွေကို ရေးကြည့်ပါလား။ ဒါမှမဟုတ် ခင်စရာ မင်စရာကောင်းတဲ့ အိမ်နီးချင်း အစ်ကိုကြီးတွေ၊ ဦးလေးကြီးတွေ အကြောင်းကို ရေးချင်လဲ ရေးကြည့်ကြပါလား။ ဘာအကြောင်းကိုပဲဖြစ်ဖြစ် မင်းတို့ စိတ်ဝင်စားတဲ့ အကြောင်းတွေကို ရေးကြည့်ကြစမ်းပါ။ ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သားလေးရေ...

www.burmeseclassic.com

www.burmeseclassic.com

## သားလေးရေ

ယခုတစ်ပတ်တော့ 'မေမေဖြူလေး' အကြောင်း ကိုပင် ဝမ်းနည်းစွာရေးလိုက်ရပါတော့မည်။

ကြောင်မလေး မိဖြူသည်သူ့ သားလေးကို အလွန်ချစ်ရှာပါသည်။ မျက်စိအောက်က အပျောက် မခံဟုပင် ဆိုလောက်ပါသည်။ သူ့သားလေးကို နို့တိုက်ရင်းလည်း တစ်ချိန်လုံး သူ့လျှာနှင့် လျက်ပေးနေလေ့ရှိပါသည်။ သူ့စိတ်ထဲတွင် ချစ်လို့မဝနိုင်လောက်အောင် ဖြစ်နေဟန်ရှိပါသည်။ သူ့သားလေးတွင် ဘေးအန္တရယ် တစ်ခုခုဖြစ်မည်ကို အလွန်စိုးရိမ်ပါသည်။ ဒေါ်လေးကိုတော့ အလွန်ယုံကြည် အားကိုးပါသည်။ သူ အပေါ့အပါး သွားလိုသည့်အခါ သူသားလေးကိုချီလာပြီး ဒေါ်လေးအနီးမှာ

www.burmeseclassic.com

www.burmeseclassic.com



လာချတတ်ပါသည်။ နောက်ပြီး တညောင်ညောင် အသံပေးတတ်ပါသည်။ ဒေါ်လေးက ကြောင်လေးကို လက်နှင့် သပ်ပေးလိုက်ပြီး ' မိဖြူရေ. . . သွာသွား၊ နင့်ကလေးဘာမှ မဖြစ်စေရဘူး' ဟု ပြောလိုက်မှ စိတ်ချလက်ချ အိမ်ပေါ် ကပြေးဆင်းသွားတတ်ပါသည်။ ဘယ်တော့မှ မကြာပါ။ ချက်ချင်းလိုလိုပြန်ရောက်လာတက်ပါသည်။ ဒေါ်လေးမရှိလျှင် ကျွန်မအနီးသို့ ချထားပြီး'ညောင်. . . ညောင်' အော်တက်ပါသည်။ ကျွန်မကလည်း ဒေါ်လေးလိုပင် လုပ်ပေးလုပ်ပြီး 'သွား. . . သွား' ဟု ပြောလိုက်မှ ပြေဆင်းသွားတတ်ပါသည်။

ကျွန်မက မိဖြူကို အလွန်အံ့သြပါသည်။ ကျောင်းပိတ်ရက်များတွင် ဒေါ်လေးအိမ်မှာရှိနေသောအခါ ဒေါ်လေးအနားတွင် သားအမိနှစ်ကောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်နေတတ်ပါသည်။ ထိုသို့ အိပ်ရာ၌ပင်လျှင် သူ့လက်ကလေးတစ်ဖက်ကို သူ့သားလေးပေါ်သို့ တင်ထားတတ်ပါသည်။ အိပ်ပျော်နေရာ၌ပင် အိမ်မက်များမက်နေလေမည်လားဟု ကျွန်မတွေးမိပါသည်။ ကျွန်မဒေါ်လေးအား'ကြောင်လေးတွေကော အိမ်မက် မက်သလား'ဟု မေးကြည့်တော့ ဒေါ်လေးက 'ခွေးတွေလည်း အိမ်မက်မက်တတ်တော့ကြောင်တွေလဲ မက်မှာပေါ့'ဟုပြောပါသည်။ ကျွန်မက'ဒီလိုဆိုရင် မိဖြူလေးလဲ သူ့သားလေးကို အိမ်မက်မက်မှာပဲနော်'ဟု ပြောမိပါသည်။

ကြောင်လေးက အလွန်ဝပါသည်။ နို့တွေ စို့လွန်းလို့လားမသိ ဝမ်းဗိုက်က ဖောင်းကားနေပါသည်။ လမ်းကောင်းကောင်းမလျှောက်နိုင်ပါ။ နောက်တော့ ကြောင်လေး နေမကောင်းဖြစ်လာဟန် တူပါသည်။ နို့လည်း မစို့ပါ။ ဒေါ်လေး၏တပည့်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူတစ်ယောက် အိမ်ကို ရောက်လာတော့ 'ဆရာမကြောင်လေးက သန်းရှိတယ် ထင်တယ်၊ ကျွန်မတို့ အိမ်မှာလည်းကြောင်လေးတစ်ကောင် ဒီလိုပဲ သေသွားဖူးတယ်' ဟုပြောလိုက်မှ ဒေါ်လေးရောကျွန်မပါ စိုးရိမ်သွားပါသည်။

ကျွန်မ၏ ဒေါ်လေးမှာ နမြောတတ်သူ မဟုတ်သော်လည်း ငွေကြေးကိစ္စတွင် အလွန်စီးစစ်ပါသည်။ သို့သော်လည်း ကြောင်သားလေးနှင့်ပတ်သက်လာတော့ ဘာမျှ မစဉ်းစားတော့ပါ။ ချက်ချက်း ကြောင်လေးကို ယူပြီး တိရစ္ဆာန်ဆေးကုခန်းသို့ သွားပါတော့သည်။ မိဖြူက သူ့သားလေးကိုယူတော့ တညောင်ညောင် မြည်ပါသည်။ ဒေါ်လေးက 'မိဖြူ – နင်မအော်နဲ့ – နင့်သားလေး နေကောင်းအောင် ဆေးခန်းကိုသွားမှာ' ဟု ပြောထားခဲ့ပါသည်။ ကျွန်မလည်း ယခုတော့ မိဖြူကို ချစ်နေမိပါပြီ။ ထို့ကြောင့် ဆေးခန်းသို့ လိုက်သွားခဲ့ပါသည်။ ဆရာဝန်က ခပ်စောစောက လာခဲ့ဖို့ ကောင်းသည်ဟု ပြောပါသည်။ မလွယ်တော့ဘူး ဆိုသည်ကို ကျွန်မတို့သိလိုက်ပါပြီ။ ကြောင်လေးကို အိမ်ပြန်ခေါ်လာတော့ မိဖြူ အပြေးလာပြီး ကြိုပါသည်။ သူ့သားလေးကိုတွေ့လိုက်တော့ တစ်ကိုယ်လုံး ကိုလျှာနှင့်လျက်ပြီး သူတက်နိုင်သမျှ ပြုစုရှာပါသည်။

ဆေးခန်းသို့ နောက်တစ်ခေါက် ထပ်သွားပါသေးသည်။ မရနိုင်မှန်း သိနေသော်လည်း ဒေါ်လေးကငွေကြေးကို လုံးဝ မတွက်တော့ပါ။ နှစ်ခေါက်ပေါင်း ငွေ ၄၀ဝိ/ လောက် ကုန်သွားပါသည်။ နောက်တစ်နေ့ ရောက်တော့ ကြောင်လေးသေသွားပါသည်။ ဒေါ်လေး မျက်ရည်လည်ပါသည်။ 'မိဖြူရယ်. . . နင် ဒုက္ခပေးတယ်' ဟုလည်း ပါးစပ်က ပြောပါသည်။ ကျွန်မလည်း မျက်ရည်လည်မိပါသည်။ နောက်တော့ ဒေါ်လေးက မိဖြူကို

www.burmeseclassic.com

www.burmeseclassic.com



ခေတ္တပွေ့ခေါ်သွားခိုက်တွင် ကျွန်မက အိမ်နားက အလုပ်သမား တွေကို ခေါ်ပြီး ကြောင်သားလေးကို မြေမြှုပ် ခိုင်းရပါသည်။

ထို့နောက်တွင် ကျွန်မအလွန် ဝမ်းနည်းမိပါသည်။ ထိုအခါတွင်တော့ မျက်ရည်တွေ တားမရအောင် ကျမိပါသည်။ မိဖြူက သူ့သားလေးကိုရှာပါသည်။ အိမ်မျက်နှာကျက်ပေါ် တတ်လိုက်၊ ဟိုပြေး ဒီပြေး အနံ့ခံလိုက်၊ ပါးစပ်က ညောင်ညောင် မြည်လိုက်နှင့် ရှာနေတက်ပါသည်။ တစ်ခါတရံ ညကြီးမင်းကြီး တစ်ရေးနိုးမှာပင်ရှာနေတတ်ပါသည်။

မိဖြူက ညောင်. . . ညောင်. . . ဟုသာ မြည်ပါသည်။

သို့သော် ကျွန်မမှာတော့ 'သားရေ . . . သားလေးရေ . . .' ဟုသာ ကြားနေရပါတော့သည်။

---

*အရင်တစ်ပတ်က ပြောခဲ့ သလိုပါပဲ။ ကိုယ်ပတ်ဝန်းကျင် အနီးအနားမှာ တွေ့ရတာလေးတွေကိုပဲ စာစီစာကုံးလေးတွေ ဖြစ်အောင် ရေးကြည့်ကြ စေချင်ပါတယ်။ ကိုယ့်စိတ်တိုင်းကျ ဖြစ်တယ်လို့ထင်ရင် "ရွှင်ပြုံး" ကို လှမ်းပို့လိုက်ပါ။ အဆင့်မီရင် စာစောင်မှာ ဖော်ပြပေးပါ့မယ်။ တစ်ခုရှိတာက ဘယ်သူ့ကိုမှ အားမကိုးတဲ့ ကိုယ်တိုင် ရေးဖြစ်ဖို့ပါပဲ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မချစ်သောလေပေ



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်မချစ်သောဖေဖေ

ကျွန်မဖေဖေ၏အမည်မှာ 'ဦးအောင်ခင်' ဖြစ်ပါသည်။ ဖေဖေက ကားမောင်းပါသည်။ သူဌေးကြီးတွေ၊ အရာရှိကြီးများ၏ ကားလေးများကို မောင်းသော ဒရိုင်ဘာ မဟုတ်ပါ။ အင်းစိန် ဗိုလ်တထောင် လိုင်းကို မောင်းရသော ဒရိုင်ဘာဖြစ်ပါသည်။ နံနက်အစောကြီးအိမ်ကထွက်သွားပြီး ည ၁၀ နာရီလောက်မှ အိမ်ပြန် ရောက်တတ်ပါသည်။ ကားပေါ်တွင် ထိုင်ပြီး မောင်းရတာ ဖြစ်သော်လည်း အလွန်ပင်ပန်းသည်ဟု ထင်ပါသည်။ နွေအခါ ဆိုလျှင် ပိုပြီးပင်ပန်းပုံရပါသည်။ ဖေဖေ ပြန်လာလျှင် ကျွန်မဖို့ စားစရာလေး တစ်ခုခုအမြဲပါလာတတ်ပါသည်။ ကျွန်မက ပိုက်ဆံ အပိုကုန်မည်စိုးသောကြောင့် ဝယ်မလာပါနှင့် ပြောသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



မရပါ။ ဝယ်လာတတ်ပါသည်။

ကျွန်မက ယခု ခုနစ်တန်းရောက်ပါပြီ။ ဖေဖေပြန်လာ၍ ကျွန်မစာကျက်နေသည်ကိုတွေ့လျှင် ဖေဖေက 'ငါ့သမီးလေးက စာကိုသိပ် ကြိုးစားတာပဲ ဖေဖေ ဝမ်းသာတယ်' ဟုပြောတတ်ပါသည်။ ခြောက်တန်း စာမေးပွဲကြီးတွင် အတန်အားလုံးပေါင်းအတွက် တတိယဆုကိုရသောအခါ ဖေဖေက အလွန်ဝမ်းသာနေပါသည်။ ဆုယူပွဲကိုတော့ ဖေဖေ မလိုက်နိုင်ပါ။ သို့သော် ဖေဖေ ထိုညပြန်လာတော့ ကျွန်မလိုချင်သည်ဟု ပြောထားသော ရေဆေးရောင်စုံဗူးကလေး ပါလာသောကြောင့် ကျွန်မအလွန်ပျော်သွားပါသည်။

ကျွန်မ မမေ့နိုင်သော နေ့တစ်နေ့အကြောင်းကို ပြောပြပါမည်။

ဖေဖေ သိပ်နေမကောင်းသောကြောင့် ကားမောင်းနှစ်ရက် နားရပါသည်။ ပထမ နေ့တွင်တော့ ကျောင်းတက်နေရသောကြောင့် ဖေဖေ့ကို ကောင်းကောင်း မပြုစုရပါ။ ကျွန်မက ခွင့်ယူပြောသော်လည်း ဖေဖေ ကျောင်းပျက်တာ မကြိုက်ပါ။ ထို့ကြောင့် ကျောင်းတက်ရပါသည်။ နောက်တစ်နေ့မှာတော့ ကျောင်းပိတ်သောကြောင့် ကျွန်မက ဖေဖေ့ကို ကောင်းကောင်း ပြုစုနိုင်ပါသည်။

မေမေက ဖေဖေ့ကို နှိပ်ပေးသောကြောင့် ကျွန်မကလည်း မေမေနှင့်အတူ နှိပ်ပေးပါသည်။ မေမေက ဖေဖေ သောက်ဖို့ ဆန်ပြုတ်သွားပြင်နေတော့ ကျွန်မတစ်ယောက်တည်း နှိပ်ပေးနေပါသည်။ ကျွန်မက ကျောင်းက သူငယ်ချင်းတွေနှင့် ကစားကြပုံတွေ၊ ပျော်စရာကောင်းတာတွေကို ကျွန်မက

www.burmeseclassic.com

www.burmeseclassic.com



ရယ်ကောမောကာ ပြောပြတော့ ဖေဖေက သဘောကျပြီး ရယ်ပါသည်။ ပြီးမှ ဖေဖေက “ဖေဖေလေ . . . . . သမီး ၂ နှစ် သမီးအထိ သမီးရယ်ကာပြုံးတာကို မမြင်ခဲ့ဖူးဘူး”ဟုပြောပါသည်။ ကျွန်မက ဘာပြုလို့လဲ ဖေဖေ၊ သမီးက မရယ်တတ် မပြုံးတတ်လို့ လား”ဟု မေးကြည့်လိုက်တော့ ဖေဖေက “အဲဒါကြောင့်မဟုတ် ပါဘူး၊ ဖေဖေက သမီးလေးကို ရလာလိုက်တော့ အလုပ်ကြိုးစားပြီး လုပ်တာပေါ့။ ဒီတော့ မနက်ဆိုရင် အိမ်ကအစောကြီး ထွက်သွား ရတာ။ သမီးက အိပ်နေတုန်းပေါ့၊ ‘အစ်ကိုရေ . . . သမီးလေးက ရယ်တတ်နေပြီ။ အသံတောင် ထွက်အောင် ရယ်တတ်နေပြီ၊’ ရယ်လိုက်ရင် သမီးလေးက သိပ်ချစ်ကောင်းတာပဲ’ ဆိုတာတွေကို ပြောပြတာပေါ့။ ဒီတော့ ဖေဖေက သမီးလေးရယ်တာကိုသိပ်ကြည့် ချင်တာပဲ။ဒါပေမဲ့ မနက်အစောကြီး အိမ်ကထွက်ရ တော့လဲ သမီးလေးမျက်နှာကိုပဲကြည့်သွားရတယ်။ ညကျ ပြန်တော့လဲ သမီးလေးမျက်နှာကို ခဏလောက် ကြည့်ပြီး ပင်ပန်းလွန်းတော့ အိပ်ပျော်သွားပြန်ရော။ တစ်ခါတလေ သမီးလေး က ညမှာနိုးပြီး ရယ်နေပြန်တော့ သမီးမေမေက ဖေဖေ အိပ်ရေး ဝအောင် အိပ်ပါစေဆိုပြီး မနှိုးပြန်ဘူး။ နောက်မှ သမီးလေး ဆယ်နာရီလောက်မှာ တစ်ရေးနိုးလာတတ်လို့ ဖေဖေ့မှာသမီး ရယ်တာ ပြုံတာကိုမြင်ရတော့တယ်”

ထိုကဲ့သို့ ပြောလိုက်သောအခါ ကျွန်မရင်ထဲမှာ ဆို့သွား အောင် ဖေဖေ့ကို သနားမိပါသည်။ ကျွန်မက မျက်ရည်တွေ ကျလာ လိုက်တော့ ဖေဖေက “ဟောဗျာ. . . ငါ့သမီးက ဘာကြောင့် ငိုရပြန်တာလဲ” ဟုမေးပါသည်။ ထိုကဲ့သို့ မေးလိုက်ခါမှ ကျွန်မက ပိုပြီး ငိုချင်လာပြီး “သမီးဖေဖေ့ကို သိပ်သနားတာပဲ” ဟုပြောလိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျွန်မက "မေမေ ပြောဖူးတယ်၊ ဖေဖေ အရင်က အရက်သောက်တယ်ဆို" ဟုမေးကြည့်လိုက်ပါ သည်။ ဖေဖေက "ဟုတ်တယ် သမီးရဲ့၊ သမီးလေးကို ရလာလိုက်တော့ ဖေဖေ အရက်ကို ဖြတ်ပစ်လိုက်တယ်" ဟုပြောပါသည်။ "သမီးကို ချစ်လို့ ပေါ့နော်" ဟုမေးလိုက်ရာ "သမီးကို ချစ်တာလဲပါပေါ့၊ ဒီထက် ပိုတာက သမီးလေးကို အရက်သမားကြီးသမီးလို့ အပြော ခံရမှာ စိုးလို့ပါ"ဟုပြောပါသည်။ ထိုအခါကျတော့ မျက်ရည်ထပ်ပြီး ကျမိရင်း"သမီးလေ ဖေဖေ့ကို ချစ်လဲချစ်တယ်၊ နောက်ပြီး သိပ်ပြီး ကျေးဇူးတင်တာပဲ" ဟုပြောပြီး ဖေဖေ့ကို ရိုရိုသေသေ ဦးချပြီး ကန်တော့လိုက်ပါသည်။ ဖေဖေ မျက်ရည်လည်လာပြီး"သမီလေး ပညာရှင် မိန်းမမြတ်ကြီးဖြစ်ပါစေ" ဟုဆုပေးပါသည်။

မေမေက ဖေဖေ့အတွက် ဆန်ပြုတ်ပန်းကန်ယူလာ ပါသည်။ "သမီးတို့နှစ်ယောက်ပြောနေတာ မေမေ မီးဖိုထဲကအကုန် ကြားနေပါတယ်"ဟုပြောပါသည်။ မေမေ့မျက်လုံးမှာလည်း မျက်ရည်တွေဝေ့နေပါသည်။

ကျွန်မ ဖေဖေ မေမေတို့ကျေးဇူးကြီးကြောင်းကို သိပါပြီ။ ဒီနှစ် ခုနှစ်တန်းမှာ ပထမရအောင် ကြိုးစားမည်ဟု ဆုံးဖြစ်ထား ပါသည်။

-------------

*မင်းတို့ ဒါမျိုးလေးတွေ ရေးမကြည့်ချင်ဘူးလား။ ကိုယ့်မိဘ ပင်ပန်းတာတွေကို အသိအမှတ်ပြု မှတ်တမ်း မတင် ချင်ဘူးလား။ ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်

လွန်ခဲ့သော ဩဂုတ်လ ပထမပတ်ထဲတွင် မေမေ၏ အစ် ကိုတစ်ယောက် ရုတ်တရက် အသည်းအသန်ဖြစ်သောကြောင့် ဖေဖေရော မေမေပါ ဆေးရုံလိုက်သွားရ ပါသည်။ ထမင်းချက် မသွားနိုင်ပါ။ မေမေက ကျွန်တော့်ကို မုန့်ဖိုးပေးသွားပါသည်။ "သားရေ မုန့်နဲ့မတင်းတိမ်ရင် အန်တီစန်းတို့ အိမ်ကိုသွားပြီး ထမင်းစားလိုက်ကြလား"ဟုပြောပါသည်။ ကျွန်တော်ကိုသာမက ခေါင်းရင်းအိမ်တွင် ရှိသော မေမေ၏ညီမ အန်တီစန်းကိုလည်း "စန်းစန်းရေ သားလေးကိုကြည့်ပြီး ထမင်းကျွေးလိုက်စမ်းပါ"ဟု မှာသွားခဲ့ပါသေးသည်။ ထိုနေ့က ဥပုသ်နေ့ဖြစ်သောကြောင့် ကျောင်းမတက်ရပါ။ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော်ကပန်းချီကိုလည်းဝါသနာပါပါသည်။ထို့ကြောင့် စာကျက်လိုက် အရုပ်ရေးလိုက်လုပ်နေပါသည်။ မကြာခင် ထမင်းနည်းနည်း ဆာလာပါသည်။ ထို့ကြောင့် အန်တီစန်းတို့ အိမ်သို့ သွားပြီး ထမင်းစားလိုက်ဦးမည်ဟု အောက်မေ့လိုက်ပါသည်။ သို့သော် ကိုယ့်ဘာသာကိုယ် ချက် စားချင်စိတ် ပေါ်ပေါက် လာပါသည်။ ကျွန်တော်ထမင်း တစ်ခါမျှ မချက်ဖူးပါ။ သို့သော် မေမေတို့ ချက်သည်ကို မြင်ဖူးနေသော ကြောင့် ချက်တတ် လိမ့်မည်ဟု ထင်နေမိပါသည်။

ကျွန်တော် ဆန်နို့ဆီတစ်ဘူးကို ယူ၍ ထမင်း ပေါင်းအိုးတွင် ထည့်ကာ ဆန်ဆေးလိုက်ပါသည်။ မေမေတို့ လုပ်သည့်အတိုင်းရေကို လက်တစ်ဆစ်လောက်ဖြစ်နေအောင် ထည့်လိုက်ပါသည်။ ကျွန်တော်လက်တဆစ်မှာ ငယ်နေမည် ဖြစ်သောကြောင့် လက်နှစ်ဆစ်ထည့်လိုက်ပါသည်။ထို့နောက်ကြောင် အိမ်ထဲတွင် ကြည့်လိုက်တော့ ငါးကြော်နှစ်ကောင်ကို တွေ့ရ ပါသည်။ ဟင်းချက်လိုက်လျှင် ကောင်းမည်ဟု တွေးမိပြန်ပါသည်။ မီးဖိုထဲတွင်ရှာကြည့်လိုက်တော့ ခရမ်းချဉ်သီးတွေကိုလည်း တွေ့ရပါသည်။ ကြက်သွန်တွေကိုလည်း တွေ့ပါသည်။

ကျွန်တော် ငါးကြော်တွေကိုဓားနှင့်ပိုင်း၊ ခရမ်းချဉ်သီးကို ဓားနှင့်လှီး၊ ကြက်သွန်ကိုပါ ရောထည့်၊ ဆီကိုလည်း ထည့်လိုက် ပါသည်။ ဆားလည်းထည့်ပါသည်။ ထို့ပြင် ငံပြာရည်ကိုလည်း ထည့်လိုက်ပါသည်။ ပဲငံပြာရည်ကိုလည်း နည်းနည်း ထည့်လိုက် ပါသည်။ ကြက်သွန်ဖြူလည်း ထည့်လိုက်ပါသည်။ ချင်းစိမ်းတွေကို လည်း တွေ့သောကြောင့် မေမေတို့ ထည့်သလို နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ထောင်းပြီးထည့်လိုက်ပါသည်။ ငြုပ်သီးကိုတော့ စပ်မည်စိုးသော ကြောင့် မထည့်တော့ပါ။

ကျွန်တော်က ဟင်းအိုးနားမှာပဲ ဂရုစိုက်နေပါသည်။ ထမင်းအိုးကိုတော့ ဂရုစိုက်နေစရာမလိုပါ။ အတော်လေးကြာလာတော့ ဟင်းအိုးက အနံ့ထွက်လာပါသည်။ အလွန် မွှေးဟုထင်ပါသည်။ ဟင်းချက်နေရင်းပင် ထမင်း ဆာလာပါသည်။ ထမင်းအိုးကို ပြေးကြည့်လိုက်တော့ ကျက်ခါနီးနေပါပြီး။ ဟင်းအိုးကို အုပ်ထား လိုက်ပါသည်။ နောက်တော့ တရှဲရှဲမြည်လာသဖြင့် ဖွင့်ကြည့် လိုက်တော့ အောက်တွင် ကပ်စ ပြုနေပါပြီ။ ကျွန်တော် ဟင်းအိုးကို ချလိုက်ပါသည်။ ထမင်းအိုးလည်း ကျက်ပါပြီ။

ထမင်းက နည်းနည်းပျော့သွားပါသည်။ ကျွန်တော်လည်း ဆာနေသောကြောင့် ထမင်းကိုမြန်မြန်ခူးပါသည်။ ဟင်းကိုလည်း ခပ်ပါသည်။ ဟင်းကိုခပ်ပြီးတော့ ဟင်းအိုးကို ထမင်းလူးလိုက် ပါသည်။ ပူပူလောင်လောင်မှာ စားကြည့်လိုက်တော့ အလွန် ကောင်းပါသည်။

ကျွန်တော် ထမင်းစားနေစဉ်မှာ မေမေတို့ ပြန်ရောက် လာပါသည်။ ဦးလေးလည်း သက်သာသွားပြီဟု သိရပါသည်။ ကျွန်တော် ကိုယ့်ထမင်းကိုယ်ချက်စားသည်ကို သိလိုက်တော့ မေမေကရယ်ပါသည်။ ထမင်ကိုကြည့်ပြီး ''ပျော့လိုက်တာ'' ဟုလည်းပြောပါသည်။ ဟင်းကို မြည်းကြည့် လိုက်ပြီးတော့ ''ငန်လိုက်တာ သားရယ်'' ဟုပြောပါသည်။ သို့သော် ကျွန်တော် ကတော့ စားလို့ အလွန်ကို ကောင်းပါသည်။ ဆန် နို့ ဆီဘူး တစ်လုံးချက်တက်တက်ပြောင်သွားပါလေတော့သည်။

မေမေက ''ဘာပဲဖြစ်နေနေ သားရေ။ ကိုယ့်ခြေ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ပေါ် ကိုယ့်ရပ်တဲ့ အခါမှာ အစမှာတော့ ခြေမခိုင်ပဲ ယိုင်တတ်တာပေါ့၊ နောက်တော့ ခိုင်မာမာရပ်နိုင်သွားတာပေါ့၊ သားက ခုလို ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်ချင်တဲ့ စိတ်မျိုး ရှိတာ မေမေဝမ်းသာတယ်" ဟုပြောပါသည်။ ကျွန်တော် အလွန် ပျော်သွားပါသည်။

-------------

*အဲဒီလို မင်းတို့ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ် နိုင်ဖို့ကြိုး စားခဲ့တာလေးတွေကို ရေးကြည့်ကြစမ်းပါ။ မင်းတို့ ရပ်မှုး ပါတယ်။ ရေးတတ်ပါတယ်။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သင်ခန်းစာ

မှတ်မှတ်ရရ လွန်ခဲ့သော ဩဂုတ်လ (၁)ရက် နေ့က ဖြစ်ပါသည်။ ဆရာမက ကျွန်မတို့ကို မြန်မာစာခက်ဆစ်တွေကို ကျက်လာခဲ့ရန် ယခင်တစ်ပတ် အင်္ဂါနေ့ ကတည်းပင် မှာထား လိုက်ခဲ့ပါသည်။ ကျွန်မလည်း ကျက်မည် ကျက်မည်ဟု အောက်မေ့ နေရင်း မေ့သွားခဲ့ပါသည်။ ထိုဩဂုတ်လ (၁)ရက် အင်္ဂါနေ့ ကျောင်းသွားခါနီး စာအုပ်တွေကို ထည့်လိုက်တော့မှပင် ကျွန်မ သတိရ မိလာပါတော့သည်။ သို့သော် ကျောင်းကားလာခါနီး ဖြစ်သောကြောင့် အချိန် မရတော့ပါ။ ကျွန်မ ကျောင်းကား ပေါ်လိုက် ပါလာသော်လည်း ရင်ထဲမှာ တထိတ်ထိတ်ဖြစ်နေ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဆရာမ စာမေးပုံမှာ သူမျက်စိကျရာ ကျောင်းသားကျောင်းသူကို လက်ညှိုးထိုးပြီး မေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နောက်မှ အမေးခံရသူများက စာအုပ်ကိုလှန်ဝကြည့်ပြီး ကျက်နေလျှင်ဖြစ်စေ၊ ရှေ့က လူများ၏ စာရွတ်သံများကို လိုက်မှတ်လျှင်ဖြစ်စေ၊ အတန်အသင့် မှတ်မိသွားတတ်ပါသည်။ အထစ်ထစ်အငေါ့ငေါ့ ဖြစ်စေဦးတော့ အရိုက်ခံရတော့လွတ်သွားတတ်ပါသည်။ ထို့ကြောင့် ကျောင်းရောက်မှပင် သင့်သလို ကျက်မှတ်တော့မည်ဟု အောက်မေ့ထားလိုက်ပါသည်။

ကျောင်းကြီးကားက နောက်ကျနေသောကြောင့် ကျောင်းသို့ ရောက်တော့ ကျောင်းတတ်နေပါပြီ။ ကျွန်မတို့ အားလုံးလည်း လွယ်အိတ် ကိုယ်စီဆွဲပြီး ကိုယ့်အခန်းဆီသို့ အပြေးအလွှားသွားကြရပါသည်။ ကျွန်မအဖို့ ခက်သွားသည်က ပထမဆုံးအချိန်မှာ မြန်မာစာအချိန် ဖြစ်နေပါတော့သည်။ အတန်းထဲရောက်လို့ ထိုင်လိုက်ခါမျှသာ ရှိသေးသည် ဆရာမက 'ကျောင်းခေါ်ချိန် နောက်မှ ခေါ်မယ်' ဟုပြောပြီးစာမေးပါတော့သည်။ ကျွန်မလည်း သူများတွေကို မေးနေခိုက် ခက်ဆစ်ကျက်ရန် စာအုပ်ကို ထုတ်လိုက်ပါသည်။ ဆရာမက ချက်ချင်းပင်'ကဲ မိုးမိုး ခက်ဆစ်ဆိုစမ်း' ဟုလှမ်းပြောလိုက်ရာ ကျွန်မ လန့်ပြီး တုန်သွားပါသည်။ ခြေဖျားလက်ဖျားတွေပင် အေးလာသည်ဟု ထင်ပါသည်။ စာနှင့်ပတ်သတ်၍ တစ်ခါမျှ ဤသို့ ထိတ်ထိတ်လန့်လန့် မဖြစ်ရခဲ့ဖူးပါ။ ထို့ပြင် ရှက်တာလည်း ပါပါသည်။

ကျွန်မ ယောင်ယောင်ယမ်းယမ်း မတ်တပ်ရပ်လိုက်ပါသည်။ တစ်တန်းလုံးက ကျွန်မကို ဝိုင်းကြည့် နေကြမည် ဖြစ်ပါသည်။ သို့သော် ကျွန်မ အဖို့မှာတော့ ဆရာမကိုပင်

www.burmeseclassic.com

www.burmeseclassic.com



သဲသဲကွဲကွဲ မမြင်ရလောက်အောင် မျက်စိတွေ ဝေဝါးနေပါသည်။ ကျွန်မမှာ အားစေးထည့်ထားသလို ဖြစ်ပါသည်။ အမှန်က ‘ကျွန်မ မေ့နေလို့ မကျက်ခဲ့မိပါဘူး’ ဟု ပြောလိုက်လျှင် ဆရာမက ငေါက်ချင် ငေါက်မည်၊ ရိုက်ချင်လည်းရိုက်မည်။ စိတ်လက်တော့ ပေါ့ပါးသွားမည်သာ ဖြစ်ပါသည်။ သို့သော် . . . ကျွန်မပါးစပ်က ဘာတစ်လုံးမျှ ထွက်မလာပါ။ ‘ဟဲ့ . . . ဆိုလေ’ ဟုဆရာမက ထပ်ပြောလိုက်တော့ အသံကိုကြားသော်လည်း ပြန်မပြောမိပါ။

ဆရာမက စားပွဲကို လက်ဝါးနှင့် ‘ ဖြန်း ’ ခနဲ ပုတ်လိုက်တော့မှ ကျွန်မ လန့်နိုးလိုက်သလို ဖြစ်သွားပါသည်။ ထိုအခါ ကျမှ ‘ကျွန်မမေ့နေလို့ မကျက်ခဲ့မိပါ ဆရာမ’ ဟု တုန်တုန်ရီရီ ပြန်ပြောမိပါသည်။ ဆရာမက ကျွန်မ၏ လက်ဖဝါးကို တုတ်နှင့် နှစ်ချက်ရိုက်ပါသည်။ ကျွန်မ မျက်ရည်တွေကျလာပါ သည်။ ဆရာမရိုက်တာကမနာပါ။ ရှက်ခြင်း ဝမ်းနည်းခြင်းကြောင့် ဖြစ်ပါသည်။ စာနှင့်ပတ်သတ်ပြီး ပထမဆုံး အရိုက်ခံရခြင်း ဖြစ်ပါသည်။ ကျွန်မမှာ ထိုနေ့ တစ်နေ့လုံး စိတ်ထဲတွင် မချင့်မရဲ ဖြစ်နေမိပါသည်။

မုန့်စားချိန် ကျောင်းဆင်းသောအခါ ကျွန်မ မုန့်ကို မြန်မြန်စားပြီး ကျောင်းခန်းထဲ ပြန်ဝင်ကာ ခက်ဆစ်တွေကို ကျက်ပစ် လိုက်ပါသည်။ ဘာမျှမကြာလိုက်ပါ။ အားလုံးကို သွက်သွက်ကြီး ဆိုသွားနိုင်ပါသည်။ ‘ခုနေမှ လာမေးလိုက်ရင် ဆိုပြလိုက်မယ်’ဟု အောက်မေ့လိုက်ပါသေးသည်။ သို့သော် လွန်သွားပါပြီ။

နောက်တစ်နေ့ရောက်တော့ ကျက်ရမည့် စာတွေကို သေချာ စာရင်းမှတ် ပြီးအားလုံးကို ဒေါက်ဒေါက် လန်နေအောင် ကျက်ပစ်လိုက်ပါသည်။ ထိုနေ့ ကျောင်းတတ်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး ပေ့ပါးနေပြီး စိတ်ကလည်း ရွှင်လန်း တက်ကြွနေပါသည်။ အတန်းထဲ ရောက်တော့လည်း ဆရာမက ကျွန်မကို စာမေးလိုက်ပါစေဟုပင် ဆုတောင်းနေမိပါသည်။

ကျွန် ယခုတော့ သင်ခန်းစာတစ်ခုကို ရလိုက်ပါသည်။ မိမိလုပ်ဆောင် ရမည့်တာဝန်ကို ကျေပွန်နေသော သူတစ်ယောက်သည် မည်သည့်အခါတွင်မှ စိတ်အားငယ်ခြင်း မဖြစ်နိုင်ဟု ထင်ပါသည်။

\-----------------

*မင်းတို့ကိုယ်တိုင် အဲဒီလိုဖြစ်ဖူးသလား။ ဘဘကတော့ ငယ်ငယ်က ဖြစ်ခဲ့ဖူးတယ်။ တစ်ခါတောင် မကဘူး၊ သုံးလေးခါလောက် ဖြစ်ခဲ့ဖူးပါတယ်။ ဘာပဲ ပြောပြောပေါ့လေ၊ မင်းတို့ ပျော်ရတာတွေ၊ ထိတ်လန့် ရတာတွေ၊ ဝမ်းနည်းရတာတွေကိုလဲ စာစီစာကုံးရေးလို့ ရနိုင်တဲ့အကြောင်း သိစေချင်လို့ ရေးပြလိုက်ရတာပဲ။ စမ်းကြည့်ပါလား။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



သင်ခန်းစာ ပူပူနွေးနွေး

www.burmeseclassic.com

www.burmeseclassic.com

## သင်ခန်းစာပူပူနွေးနွေး

ကျန်းမာရေးကို အလေးဂရုပြုသင့်ကြောင်း ကျွန်တော် ကိုယ်တွေ့ သင်ခန်းစာတစ်ခုကို မကြာမီက ရလိုက်ပါသည်။ ထိုနေ့က ကျောင်းဆင်းချိန်တွင် မိုးလေး ဖွဲဖွဲကျနေပါသည်။ ကျွန်တော့်မှာ ထီးပါလာပါသည်။ သို့သော်လည်းသူငယ်ချင်းများနှင့် ပြေးလွှား ဆော့ကစားရင်းပြန်လာခဲ့ကြသောကြောင့် ထီးဖွင့် မဆောင်းခဲ့မိတာပါ။ အိမ်ရောက်တော့လည်း အမှတ်မထင် ပေါ့ပေါ့ဆဆ နေလိုက်မိပါသည်။

ထိုနေ့ ညနေ ထမင်းစားသောအခါ ကောင်းကောင်း မစားနိုင်တော့ပါ။ အရသာလည်း မရှိပါ။ အတော်လေး ကြာသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ကျွန်တော်နေလို့မကောင်း တော့ပါ။ ထို့ကြောင့် မေမေ့ကို ပြောပြလိုက်သောအခါ မေမေက ကျွန်တော့် နဖူးကို စမ်းကြည့် ပါသည်။ ကိုယ်နည်းနည်းပူနေသည်ဟု ပြောပါသည်။ ထိုနောက် အဖျားပျောက် တိုင်းရင်းဆေး တစ်ခွက်ကို ရေးနွေးပူပူနှင့် တိုက်ပါသည်။ ပြီးတော့ စောင်ကလေးထူထူကို ခြုံပေးပါသည်။ ကျွန်တော်လည်း အိပ်ပျော်သွားပါသည်။ နောက်နေ့ နံနက် လင်းတော့ ကျွန်တော် နေကောင်းသွားပါသည်။ ကျောင်းမပျက်ချင် သောကြောင့် ကျောင်းသို့လည်း သွားလိုက်ပါသေးသည်။

ကျွန်တော့်မိုက်မဲမှုကို ပြောပါတော့မည်။ မုန့်စား ကျောင်းဆင်းချိန်တွင် သူငယ်ချင်းတွေက ဘောလုံး ကန်ကြပါသည်။ ကျွန်တော်က ဘောလုံးကို အလွန်ဝါသနာကြီးပါသည်။ ထိုကြောင့် သူတို့နှင့်ရောပြီး ကျွန်တော်လည်း ကစားပါသည်။ ကစားနေခိုက် မှာပင် မိုးလေးခပ်ဖွဲဖွဲ ရွာလာပါသည်။ အမှန်စင်စစ် ထိုအချိန်တွင် ကျွန်တော်က ဖျားပြီးစဖြစ်၍ ဆက်ပြီးမကစား သင့်တော့ပါ။ ကျွန်တော်တို့ ကစားသည်မှာ ဘောလုံးခွေးရူး ကစားနည်း ဖြစ်ရာ မိုးလေးရွာလာချိန်တွင် ကျွန်တော်က ခွေးရူး ဖြစ်နေပါသည်။ ခွေးရူးဖြစ်နေချိန်တွင် ထွက်ရမည်ကိုလည်း ရှက်ပါသည်။ ထို့ပြင် ကျွန်တော် ကိုယ်တိုင်ကလည်း ကိုယ့်အလှည့် ကျွတ်သွားအောင် လုပ်ချင်ပါသည်။ ထို့ကြောင့် ဆက်ပြီးကစား နေရာ ကျောင်းတက် ခေါင်းလောင်းထိုးသည့်တိုင်အောင် ဖြစ်ပါသည်။

အတန်းထဲတွင် စာသင်နေရင်းပင် ကျွန်တော်၏ မျက်လုံး များမှာ တရှိန်ရှိန်ပူလာပါသည်။ ကျွန်တော်က ခေါင်းကိုတ်တတ်သူ မဟုတ်သောကြောင့် ခေါင်းတော့ မကိုက်ပါ။ သို့သော်လည်း ခေါင်းထဲမှာ မကြည်တော့ပါ။ ဇက်တွေ လေးလာသလိုလို ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အတော်ကြာလာတော့ မနေနိုင်တော့ပါ။ ဆရာမအား ကျွန်တော်ဖျားနေ၍ အိမ်ပြန်လိုကြောင်း ခွင့်တိုင်ရာ ဆရာမက ကျွန်တော့်နဖူးကို လက်ဖမိုးနှင့် ကပ်ကြည့်လိုက်ပြီး "ဟဲ့. . . ကိုယ်တွေတော် တော်ပူနေတာပဲ၊ စက်ဘီး ဘယ်သူ့မှာပါလဲ၊ သူ့ကို မြန်မြန်လိုက်ပို့လိုက်စမ်း"ဟုပြောသဖြင့် သူငယ်ချင်းတစ်ယောက်က အိမ်ကို လိုက်ပို့ပါသည်။

အိမ်ရောက်တော့ ခေါင်းတောင် မထူနိုင်တော့ပါ။ အိပ်ရာထဲ ဝင်သွားပြီး လှဲချလိုက်ပါသည်။ မေမေက ချက်ချင်း ကျွန်တော့်ကို ပြဒါးတိုင်နှင့် တိုင်းကြည့်ပြီး '၁၀၂'တောင်ရှိတယ်။ ဆေးခန်းသွားရမယ်' ဟုပြောပါသည်။

ဆေးခန်းဖွင့်ချိန် ရောက်တော့ ဆိုက်ကားနှင့်သွားကြပါသည်။ ဆေးခန်းတွင် ကိုယ့်အလှည့် စောင့်နေရသည်ကိုပင် ကျွန်တော့်က မေမေ့ကို မှီပြီး ထိုင်နေရပါသည်။ ဆရာဝန်က အပူကို တိုင်းကြည့်လိုက်ပြီး '၁၀၃' ရှိသည်ဟု ပြောပါသည်။ ထို့နောက် ဆေးများပေးလိုက်သဖြင့် ပြန်လာခဲ့ကြပါသည်။ ကျွန်တော်ကို ကော်ဖီလေးဘာလေးမှ အပဘာမျှမကျွေးပါနှင့်ဟု ပြောလိုက်ပါသည်။ ကျွန်တော်လည်း ဘာမျှစားချင်စိတ်မရှိပါ။

ကျွန်တော် အိပ်ရာထဲတွင် ဆယ်ရက်ခန့်နေလိုက်ရပါသည်။ လူလည်း အတော်ကလေးကို ပိန်ကျသွားသည်ဟု သူငယ်ချင်းတွေက ပြောပါသည်။ ကျောင်းစာတွေကိုတော့ သူငယ်ချင်းတွေက ဝိုင်းပြီး ကူးပေးကြပါသည်။ သို့သော် လပတ်စာမေးပွဲ စစ်လိုက်သောအခါ ကျွန်တော့်ရမှတ်တွေရော၊ အဆင့်ပါ ထိုးဆင်းသွားလိုက်သည်မှာ 'ရီပို့ကဒ်'ကိုပင် မကြည့်ချင်လောက်အောင် ဖြစ်သွားပါသည်။ လပတ်စာမေးပွဲ ဖြေစဉ်ကပင်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်း မဖြေနိုင်သောကြောင့် အဆင့်နိမ့်သွားတော့မည်ကို ကျွန်တော် မှန်းဆခဲ့ပြီး ဖြစ်ပါလျက် ထိုမျှ အဆင့်နိမ့်သွားသည်ကို တွေ့လိုက်တော့ ကျွန်တော့် သူငယ်ချင်းများရှေ့တွင် မျက်ရည် မကျအောင် တင်းထားသော်လည်း အိမ်ပြန်ရောက်တော့ ငိုမိပါသည်။

"သားလေး. . . မင်းအဲဒါကို သင်ခန်းစာယူပြီး မှတ်ထားပေတော့၊ အသက်ရှင်နေပေမယ့် ကျန်းမာရေး မကောင်းရင် မအောင်မြင်နိုင်ဘူး၊ ဘဝမှာ ကျန်းမာရေးဟာ အရေးကြီးဆုံးဆိုတာကိုမမေ့နဲ့။ အခု ငါ့သား စာမေးပွဲ ရှုံးသွားပြီ၊ နောင်ကို ဂရုမစိုက်ရင် ဘဝပါ ဆုံးရှုံးသွားလိမ့်မည်။ မင်းတို့ ကိုကြီးကို သတိထားကြည့်၊သူက ကျန်းမာရေးကို သိပ်ပြီး ဂရုစိုက်တယ်။ ဒါကြောင့်လဲ စာမေးပွဲဟူသမျှ အဆင့်မြင့်နဲ့ အောင်ခဲ့တာချည်းပဲ"ဟု မေမေက ပြောပါသည်။

ကျွန်တော် တစ်ကိုယ်လုံး ပူလောင်ပြီးရလိုက်သောကြောင့် "သင်ခန်းစာ ပူပူနွေးနွေးကြီး" ဟုသာ ပြောလိုက်ချင်ပါတော့သည်။

---

*ဒီလို စာစီစာကုံးမျိုးကို ဘဘအဖို့ ရေးရတာ ခက်တယ်ကွဲ၊ မင်းတို့လို ကလေးတွေရဲ့ အဖြစ်တွေကို သတိထားကြည့်ပြီးရှာနေရတာ၊ မင်းတို့က ရေးချင်ရင် မင်းတို့ ကိုယ်တိုင်ကြုံနေရတာဆိုတော့ ပိုပြီးလွယ်တယ်။ ဘဘလို စိတ်ကူးနေစရာ မလိုဘူး။ ကိုယ်ကြုံရတာတွေကို ရေးချလိုက်ရုံပဲ။ စမ်းကြည့်ကြစမ်းပါ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မတော်တဆ

"ဟ – မင်လက်က ဘာဖြစ်တာလဲ"

"စက်ဘီးမှောက်လို့ဘဘ"

"ဘယ်ဘက်ဆိုတော့ တော်သေးတာပေါ့ကွာ၊ ညာဘက်ဆိုရင် မင်းစာတောင် ရေးနိုင်မှာ မဟုတ်ဘူး။ အခုကော မင်းရေးနိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ရေးနိုင်ပါတယ် ဘဘ"

"အေး–ဒါဖြင့် မင်းစက်ဘီးမှောက်တဲ့အကြောင်းကို စာစီစာကုံး ရေးစမ်းကွာ"

"အဘ အစကရေးရမှာလား၊ ဘယ်ကစရမလဲ"

"ဟ – စက်ဘီးနဲ့ဆိုင်တာက စရမှာပေါ့ကွ၊ အဲဒီနေ့က မင်းဘာလို့ စက်ဘီးစီးတာလဲ"

"သိပြီဘဘ – မေမေက ဦးလေးတို့အိမ်ကို သရက်သီး အယူခိုင်းတာ၊ အဲဒီကစမယ်"

---------------

လွန်ခဲ့သော တနလာ်နေ့တွင် မေမေက ဦးလေတို့ အိမ်သို့ သရက်သီးသွားယူရန်ခိုင်းပါသည်။ ဦးလေးတို့ ခြံဝတွင် သရက်ပင်တွေရှိပါသည်။ ကျွန်တော်တို့ အိမ်နှင့် မဝေးလှပါ။ ထို့ကြောင့် ကျွန်တော်ကစက်ဘီးကိုဆွဲပြီး အိမ်က ထွက်ခဲ့ပါသည်။ မေမေက ဂရုစိုက်သွားနော်၊ မော်တော်ကားတွေကိုသတိထား၊ တချို့ တက္ကစီကားတွေက အရမ်းမောင်းကြတာဟု အော်ပြောလိုက်ပါ သေးသည်။ ထို့ကြောင့် ကျွန်တော်လည်း ခပ်ဖြေးဖြေးမှန်မှန်ပဲ စီးပါသည်။ ကျွန်တော် ဗဟိုလမ်းမကြီးအတိုင်း နင်းလာပါသည်။ လမ်းဘေးကိုဘဲချ ပြီးစီးပါသည်။ ဗားကရာလမ်းဆုံကို ကျော်လာတော့ ညာဘက်လမ်းထဲက ကားတစ်စီး ရုတ်တရက် ထွက်လာပါသည်။ ထို့ကြောင့် ထိုးကားကို ရှောင်လိုက်ရာ အိမ်ကြားထဲက ထွက်ပြေးလာသော ခွေးတစ်ကောင်ကို ဝင်တိုက်မိပါတော့သည်။ စက်ဘီးမှောက်ပြီး ကျွန်တော်လည်း ပစ်လဲသွားပါသည်။ ဘယ်ဘက်သို့ မှောက်ခြင်းဖြစ်သောကြောင့် ဘယ်လက်ဖြင့်ထောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ လက်လည်းခေါက်သွားပါသည်။ နောက်က လိုက်လာသည့်ကားက ဘရိတ်အုပ်မြန်လိုက်သောကြောင့်သာ ကားတိုက်မခံရခြင်း ဖြစ်ပါသည်။ ကျွန်တော် ကုန်းထပါသည်။ အနီးတွင်ရှိသော လက်ဖက်ရည်ဆိုင်ထဲမှ လူကြီးတစ်ယောက်က ပြေးထွက်လာပြီး ကျွန်တော့်ကိုကူ၍ ထူးပေးပါသည်။ လဲကျနေသော စက်ဘီးကိုလည်း သူကပင် ထောင်ပေးပါသည်။ ထိုလူကြီးကို ကျွန်တော်က ကျေးဇူးတင်ကြောင်းပြောပြီး စက်ဘီးကို တွန်းသွား ပါသည်။ အိမ်ကိုမပြန်တော့ပါ။ ဦးလေးတို့အိမ်နှင့် နီးနေ သောကြောင့် ဦးလေးတို့အိမ်ကိုပဲ ဆက်သွားပါသည်။ ဦးလေးကို ပြောပြတော့ ဦးလေးက အိမ်ကို တယ်လီဖုန်းဆက်ပါသည်။ မေမေတို့ကားနှင့် လိုက်လာပါသည်။ ထို့နောက် မေမေ့သူငယ်ချင်း ဆရာဝန်တစ်ယောက်၏ ဆေးခန်းကို သွားပြပါသည်။ ဆရာဝန်က သေချာကြည့်ပြီးနောက် မကျိုးပါဘူးဟု ပြောပါသည်။ သူက ကျွန်တော့်ကို တစ်ချက်တော့နာမယ်နော် အောင့်ထားကွာ ယောကျ်ားပဲဟု ပြောပြီးနောက် လက်ကောက်ဝတ်ကိုတစ်ချက်ဆွဲလိုက်ရာ အလွန်ကိုနာပါသည်။ ကျွန်တော်လည်း အားဟုအော်ပြီး မျက်ရည်လည်လာပါသည်။ ဆေးလိမ်းပြီး ပတ်တီးစီး ပေးလိုက်သည်။ မေမေက မြန်မြန်ပျောက် အောင်ဆိုပြီး တရုတ်ဆေးကို စည်းပေးပြန်ပါသည်။ အခုတော့ သက်သာလာပါပြီ။

---

*တိုက်ရိုက်စကားတွေကို မျက်တောင်မသွင်းဘဲကိုးကွ၊ ဥပမာ မင့်မေမေက 'ဂရုစိုက်သွားနော်' ဆိုတာမျိုးတွေကို မျက်တောင်ထဲ သွင်းပေးလိုက်ရင် ပိုပြီးရှင်းတာပေါ့ကွ။ မျက်တောင်*

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကော သိရဲ့လား”

“သိတယ်ဘဘ၊ ကျောင်းမှာလဲသင်ပါတယ်။ အင်္ဂလိပ်စာမှာလည်း ပါပါတယ်။”

“နောက်ပြီး မှောက်ပြီး မင်းကုန်ထတော့ လက်ဖက်ရည်ဆိုင်က လူကြီးက လာကူတယ်လို့ ပြောတယ်။ အဲဒါ မင်းမထနိုင်လို့ ကူတာဖြစ်မယ်။ ဒီနေရာမှာ မင်း ရုတ်တရက်ထလို့ မရဖြစ်နေတာကို ထည့်ရေးရမှာပေါ့။ နောက်ပြီး မင်းလက်က သိပ်နာနေတဲ့အကြောင်း ကို မင်းမရေးထားဘူး။ ဘယ်ဘက်လက်က ကိုင်လို့မရအောင်နာနေတာကြောင့် ညာလက်နဲ့ပဲ စက်ဘီးကို တွန်းသွားရတယ် မဟုတ်လား။ အဲဒါကို ထည့်လိုက်မှ အကျိုးအကြောင်းဆက်စပ်မိသွားမှာပေါ့။”

“ဟုတ်တယ်နော် ဘဘ၊ ကျွန်တော် မေ့သွားတယ်”

“နောက်ပြီး နောက်ဆုံးနားလေးမှာ အခုတော့ သက်သာလာပါပြီဆိုတာကို ထည့်ထားတယ်။ အဲဒီအခုတော့ ဆိုတာက အခုမင်းစာရေးနေတဲ့အချိန်ကိုပြောတာ မဟုတ်လား”

“ဟုတ်တယ် ဘဘ”

“ဟုတ်ပြီ ဘဘ၊ ကျွန်တော် ပြန်ရေးလိုက်မယ်နော်”

“သင့်ရာ သင့်ရာမှာ စာပိုဒ်လေးတွေ ခွဲလိုက်ရင် ပိုကောင်းတယ်ကွာ။ ထားပါတော့လေ နောက်မှ အဲဒါကို သင်ပေးပါတော့မယ်”

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မေမေမျက်ရည်ကျတဲ့နေ့

ထိုနေ့ကို ကျွန်တော်တစ်သက် မေ့နိုင်တော့မည် မဟုတ်ပါ။

နံနက်က မေမေက သိပ်နေမကောင်းပါ။ ထို့ကြောင့် ဖေဖေ အလုပ်ကိုထွက်သွားပြီးမှ မေမေအိပ်ရာက ထနိုင်ပါသည်။ သိပ်နေမကောင်း လှသော်လည်း မေမေ ဈေးသို့ သွားရပါသည်။ ဖေဖေက ကားဝပ်ရှော့တစ်ခုတွင် အလုပ်လုပ်ရပါသည်။ မေမေက ထမင်းချက်ပြီး ဖေဖေ့ အလုပ်ရုံသို့ ထမင်းသွားပို့ရဦးမည် ဖြစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေ့ ဝပ်ရှော့က မဝေးလှပါ။ ကျွန်တော် ၁၁ နာရီ ထိုးပြီးမှ ကျောင်းသွားရပါမည်။ ဈေးသို့ ထွက်သွားသော မေမေ့ကို ကြည့်ရင်း ကျွန်တော် မေမေ့ကို သနားနေမိပါသည်။ ကျွန်တော် ရေချိုးရန် ရေစည်နားကို သွားလိုက်တော့ မေမေ ဆပ်ပြာရည် စိမ်ထားသော အဝတ်တွေကို တွေ့ရပါသည်။ မေမေက အဝတ်လည်း လျှော်ရဦးမည် ဖြစ်ပါသည်။

အဝတ်ဇလုံထဲတွင် ကျွန်တော့ အင်္ကျီတစ်ထည်၊ မေမေ့ အင်္ကျီတစ်ထည်နှင့် ဖေဖေ့စွပ်ကျယ်နှစ်ထည်ကို တွေ့ရပါသည်။ ကျွန်တော် အဝတ်တစ်ခါမျှ မလျှော်ဖူးပါ။ သို့သော် မေမေ အဝတ်လျှော်သည်ကိုတော့ ခဏခဏ တွေ့မြင်ခဲ့ဖူးပါသည်။ ထို့ကြောင့် မေမေလုပ်သလို လုပ်မည်ဟု တွေးလိုက်ပါသည်။

ထိုနောက် ကျွန်တော် ပထမဆုံး မေမေ့အင်္ကျီကို အရင်လျှော်လိုက်ပါသည်။ မေမေ့အင်္ကျီမှာ ပေါ့ပေါ့သေးသေး ဖြစ်ပါသည်။ ကျွန်တော့် အင်္ကျီကလည်း မလေးလှပါ။ ဖေဖေ့ စွပ်ကျယ်နှစ်ထည်ကလည်း မလေးပါ။ ကျွန်တော်က သေသေချာချာ လျှော်ပါသည်။ ကြေးများ ပြောင်စင်သွားသောအခါ ကျွန်တော်က ဆပ်ပြာရည်များ ပြောင်းသွားအောင် ရေများများနှင့် အထပ်ထပ် လျှော်ပါသည်။ ဇလုံထဲတွင် ကျန်ရစ်ခဲ့သော ရေတွင် ဆပ်ပြာရောင် မရှိတော့ဘဲ ကြည်လင်လာတော့မှ အဝတ်ကို ရေညှစ်ပြီး မေမေလုပ်သလို အင်္ကျီချိတ် ကလေးများနှင့်လှန်းထား လိုက်ပါသည်။

အဝတ်တွေ လှန်းပြီး တော့မှ ကျွန်တော်ရေချိုး လိုက်ပါ သည်။ ရေချိုးပြီးတော့ သနပ်ခါးလိမ်းပါသည်။ ခါတိုင်းတော့ ကျွန်တော့်ကို မေမေကိုယ်တိုင်သနပ်ခါးသွေးပြီး မေမေကိုယ်တိုင် လိမ်းပေးပါသည်။ ထိုနေ့ကတော့ ကျွန်တော်ဘာသာပင် လိမ်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။ ကျွန်တော်စိတ်ထဲတွင် အလွန်ပျော်နေမိပါသည်။ မေမေ ပြန်လာလျှင် ဝမ်းသာလိမ့်မည်ဟုလည်း ထင်ပါသည်။ ထို့ကြောင့် မေမေစျေးက ပြန်အလာကို မျှော်နေမိပါသည်။ မကြာမီပင် မေမေပြန်လာပါသည်။ ကျွန်တော့်ကို ရေချိုးသနပ်ခါး လိမ်းပြီး ဖြစ်နေသည်ကို တွေ့လိုက်တော့ မေမေက အနည်းငယ် ရယ်မောလိုက်ပြီး 'သားက ရေချိုး သနပ်ခါး လိမ်းလို့တောင် ပြီးပြီကိုး' ဟုပြောပါသည်။ ကျွန်တော်က "သား-အဝတ်တွေကိုလည်း လျှော်ထားလိုက်တယ် မေမေ" ဟုပြောလိုက်တော့ မေမေက အဝတ်ကြိုးတန်းကို လှမ်းကြည့်လိုက်ပါသည်။ "မေမေလုပ်သလို ဆပ်ပြာရေကိုလဲ ပြောင်အောင် ရေလျှော်လိုက်တယ်"ဟုပြောလိုက်တော့ မေမေက ကျွန်တော့်ကို သေချာကြည့်ပါသည်။ ထိုနောက် မေမေက သနပ်ခါးနည်းနည်းထပ်သွေးနေပါသည်။ ပြီးမှ ကျွန်တော့် မျက်နှာတွင် သနပ်ခါးမညီသော နေရာများကို သေချာပြင်ပေး ပါသည်။ ထို့သို့ပြင်နေရင်း မေမေက မျက်ရည်တွေ ကျလာပါ သည်။ ကျွန်တော်က "မေမေ နေမကောင်းလို့လား" ဟုမေးမိ ပါသည်။

---------------------

ထိုအခါ မေမေက ကျွန်တော့်ပါးလေးကိုနမ်း လိုက်ရင်း "မဟုတ်ပါဘူး သားရယ်၊ မေမေ နေကောင်းပါတယ်၊ မေမေ ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပါ။ မေမေငိုတာ မဟုတ်ပါဘူး။ မေမေ့သားလေးဟာ တကယ့်အဖိုးတန် သားလေးပဲ ဆိုတာ သိလိုက်ရတော့ မေမေ ဝမ်းသာလွန်းလို့ပါ မေမေ အဝတ်လျှော် ရတာ မပင်ပန်းပါဘူး။ သားလေးက ကူပြီး လျှော်မပေးရင်လဲ မေမေ ကိုယ်တိုင် လျှော်နိုင်ပါတယ်၊ မေမေ သိပ်နေမကောင်းတဲ့ချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပင်ပန်းမှာစိုးလို့ သားလေးက အခုလို လျှော်ပေးလိုက်တာဆိုတော့ အသက်ကလေး ဆယ့်တစ်နှစ်လောက်နဲ့ မိဘကိုကူညီဖို့ သိတတ်တဲ့ သားလေးကို မေမေတို့ရခဲ့တာ ပါလားလို့ ဝမ်းသာလွန်းလို့ပါသားရယ်" ဟုပြောပါသည်။

ကျွန်တော်လည်း ဝမ်းသာတာလား၊ ဝမ်းနည်းလို့လား မသိပါ မျက်ရည်တွေ ကျမိပါသည်။ မေမေ-

"ကဲ - သားလေးကျောင်းသွားဖို့ပြင်တော့။ မေမေ ညက ထမင်းလေးကို ပြန်ကြော်ပေးမယ်။ ဟင်းလဲရှိပါသေးတယ်"

ထိုနေ့ကို ကျွန်တော် ဘယ်တော့မှ မေ့တော့မည်မဟုတ်ပါ။ နောက်နေ့များတွင်းလည်း မေမေ့ကို အမြဲတမ်း ကူညီလုပ်ကိုင်ပေးပါသည်။ ထိုသို့ ကူညီရသည်ကိုလည်း အလွန်ပျော်ပါသည်။ ။

---

*ကဲ. . . မင်းတို့တစ်တွေကော ဒီလို မိဘကို (အထူးသဖြင့် မေမေ့ကို) ကိုယ်တတ်နိုင်တာလေးတွေ ကူညီလုပ်ကိုင် ပေးဖူး ပါရဲ့လား။ ဒီလိုကူညီလုပ်ကိုင် ပေးရတာ၊ သားလိမ္မာဖြစ်ရတာဟာဘယ်လောက် ကြည်းနူးစရာကောင်းတယ်ဆိုတာလုပ်ကြည့်ဖူးမှသာသိနိုင်ပါတယ်။ကုသိုလ်ရရုံသာမဟုတ်ပဲ ချမ်းမြေ့တဲ့ မိသားစု၊ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလဲ ဖြစ်လာနိုင်ပါတယ်။ မင်းတို့ဟာ မိခင်ရဲ့ နှလုံးသားဇဟိုဖြစ်ပါတယ်။ ဒါကြောင့် မိခင်ကို ပျော်ရွှင် အောင်လည်း လုပ်ပေးနိုင်ပါတယ်။ စိတ်ဆင်းရဲအောင်လည်း လုပ်နိုင်ပါတယ်။*

*မင်းဟာ မိခင်ကို မျက်ရည်ကျစေနိုင်သူ ဖြစ်ပါတယ်။ ဝမ်းသားတဲ့ မျက်ရည်လား၊ ဝမ်းနည်းတဲ့ မျက်ရည်လား ဆိုတာကတော့ မင်းအပေါ်မှာ တည်ပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## မြင်းစီးသူရဲကောင်း

လွန်ခဲ့သော တနင်္ဂနွေနေ့က ဖြစ်ပါသည်။

ကျောင်းပိတ်ရက်ဖြစ်သောကြောင့် ကျွန်တော်သည် သူငယ်ချင်းများနှင့် အိမ်ရှေ့တွင် ကစားနေပါသည်။ ထိုအခိုက်တွင် လူတစ်ယောက်က ကလေးများ ပိုက်ဆံပေးပြီး အပျော်စီးရသော မြင်းတစ်ကောင်နှင့် လမ်းထဲသို့ ဝင်လာပါသည်။ အချို့ကလေးငယ်များလည်း စီးကြပါသည်။ ကျွန်တော်က ဘယ်တော့မှ မစီးပါ။ ကျွန်တော် မြင်းစီးရမည်ကိုအလွန်ကြောက်ပါသည်။ ကျွန်တော့်မှာ ကလေးစီး စက်ဘီးလေးတစ်ခု ရှိပါသည်။ ကျွန်တော် ကောင်းကောင်း စီးနိုင်ပါသည်။ စက်ဘီး စီးရသည်ကိုပင် အလွန်ကြိုက်ပါသည်။ သို့သော် မြင်းစီးရန်ကိုတော့ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



စိတ်းမကူးခဲ့ပါ။

ထိုနေ့ကတော့ ကျွန်တော့် ဦးဦးကြီးက မြင်းဆရာကို ငွေနှစ်ဆယ် ပေးပြီး ကျွန်တော့်ကို မြင်းစီး ရန်ပြောပါသည်။ ကျွန်တော်က မစီးချင်ဘူးဟု ပြောသော် လည်းပြောလို့မရပါ။ "မင်း - ယောကျ်ားပဲကွ၊ မြင်းတော့ စီးဖူးရ မှာပေါ့၊ မကြောက်ပါနဲ့၊ ဒီဒေသကမြင်းကို ထိန်းတဲ့လူပါနေရက်သားနဲ့ ဘာကြောက်ရမှာလဲကွ" ဟုပြောပြီး မြင်းပေါ် တင်ပေးလိုက်ပါသည်။

ကျွန်တော်တို့လမ်းမှာ လမ်းတိုကလေး ဖြစ်ပါသည်။ ထို့ပြင် ကျွန်တော်တို့ အထက်ဘက်ကနည်းနည်း မြင့်သောကြောင့် အောက်ဘက်သို့ စက်ဘီးစီးလိုက်လျှင် နင်းမနေရတော့ပါ။ အရှိန်နှင့် လိမ်းသွားပါသည်။ ထို့ကြောင့် အလွန် ဖိမ်ကျပါသည်။ သို့သော် ပြန်တတ်လျှင် မူကားအတော်ကို အားစိုက်၍ပြီးနင်းရ ပါသည်။ ထိုအတက်ကို ကျွန်တော်ကောင်းကောင်းကြီး နင်းနိုင် ပါသည်။ တစ်ခေါက်မက ဆယ်ခေါက်လောက်ဆိုလျှင်လည်း နင်းနိုင် ပါသည်။

ယခု မြင်းပေါ်ရောက်တော့ ကျွန်တော် အလွန်ကို ကြောက်ပါသည်။ မြင်းဇက်ကြိုးကိုလည်း မကိုင်ဝံ့ပါ။မြင်းဇက်ကြိုးကို မြင်းဆရာကြီးက ကိုင်ထားပေးပါသည်။ ကျွန်တော်ကတော့ မြင်းကုန်းနှီးက ဘုကြီးကိုပဲ တအားကုန်ပြီး ကိုင်ထားမိပါသည်။ ကျွန်တော် ဒူးတွေ တုန်လာပါသည်။ မြင်းက တအားပြေး လိုက်မည်ကို တွေးပြီး ကြောက်နေပါသည်။

အောက်ဘက်ကအထက်ကိုပြန်လှည့်ပြီးတက်တာတော့ မြင်းဆရာက မြင်းကို ကြိမ်နှင့်တစ်ချက်လောက်ရိုက်လိုက်ရာ မြင်းက ခပ်မြန်မြန်ကလေး ပြေးပါတော့သည်။ ထိုအခါ ကျွန်တော် အလွန်ကြောက်သွားပါသည်။ ဒူးတွေကလည်းပိုပြီးတုန်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အိမ်ရှေ့ကို မြန်မြန်ရောက်ပါစေဟုသာ အောက်မေ့နေရပါတော့သည်။

အိမ်ရှေ့ရောက်လို့ မြင်းပေါ် ကအောက်ချလိုက်၍ မြေကြီးပေါ်ရောက်တော့မှ ကျွန်တော် စိတ်းအေးသွားပါတော့သည်။ ထိုအချိန်ထိ ကျွန်တော့် ဒူးတွေမှာ တုန်နေပါသေးသည်။ ကျွန်တော့် ဒူးတွေကိုကြည့်ပြီး ဦးဦးကြီးက ရယ်နေပါတော့သည်။ ကျွန်တော့် ဘိုးဘိုးကြီးကလည်း ဘယ်အချိန်က အိမ်ထဲကထွက်လာ မှန်းမသိပါ။ ကျွန်တော့်ကိုကြည့်ပြီးရယ်နေပါသည်။ ထို့နောက် ဘိုးဘိုးကြီးက "မင်းနှယ်ကွာ စက်ဘီးတောင် စီးနေသေးတာ မြင်းစီးတာကို ဒီလောက်တောင် ကြောက်နေရသလား" ဟု ပြောပါသည်။ ကျွန်တော်က "ဟာ . . . ဘိုးဘိုးကြီး ကလဲ၊ စက်ဘီးက အသက်မရှိဘူး၊ ကျွန်တော်က လက်နဲ့ကိုင်ပြီး ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ်၊ မြင်းက တိရစ္ဆာန်ဗျ၊ သူလုပ်ချင်သလို လုပ်သွားတော့ ဘယ့်နှယ် လုပ်မလဲ" ဟုပြောလိုက်ရာ ဘိုးဘိုးကြီးက အော်ပြီး ရယ်ပါသည်။ ဦးဦးကြီးကလည်း အလွန်သဘောကျစွာ ရယ်ပါသည်။ ဘွားဘွားကြီးကလည်း အိမ်ထဲက လှမ်းပြီး "နင်ကလဲ မြင်းစီးတာ ဒီလောက်တောင် ကြောက်နေရသလား၊ ဟိုဘက်အိမ်က 'မိကစ်' ဆိုရင် ၃နှစ်ပဲ ရှိသေးတယ်။ သူတောင်စီးဝံ့သေတယ်" ဟု ပြောပါသည်။ ကျွန်တော်ကလည်း "မိကစ်ကို မြင်းဆရာကြီးက ရင်ခွင်ထဲမှာ ပိုက်ပြီးစီးတာ၊ နောက်ပြီး သူက ငယ်ငယ်လေး ရှိသေးတာ၊ ကြောက်ရမှန်း ဘယ်သိပါ့မလဲ" ဟုပြန်ပြော လိုက်ပါသည်။

ဦးဦးကြီးက "မင်း - အလွန် သတ္တိကြောင့်တဲ့ကောင်" ဟုပြောရာ ဘိုးဘိုးကြီးက "အတွေ့အကြုံမှ မရှိသေးတာကိုးကွ၊

www.burmeseclassic.com

www.burmeseclassic.com



**အတွေ့အကြုံများလာရင် စီးရဲသွား တာပါပဲ၊ စက်ဘီးလိုပဲပေါ့” ဟုပြောပါသည်။ ကျွန်တော် လန့်သွားပါသည်။ ကျွန်တော်တို့ လမ်းထဲသို့ မြင်းဆရာ ကြီးရောက်လာမှာ ကြောက်နေပါပြီ။ မြင်းခြုံသံ ကြားလိုက်သည်နှင့် စက်ဘီးကို စီးပြီး လစ်နိုင်မှ တော်တော့မည် ဟုအောက်မေ့မိပါသည်။ ။**

-----------------------------

**တဲ** . . . . *မင်းတို့ကိုယ်တွေ့လေးတွေကို စာစီစာကုံး ရေးလိုက်ရင် ဖြစ်တာချည်းပါပဲ။ စာစီစာကုံးဆိုတာ စာအုပ်တွေ ထဲမှာသာတွေ့နိုင်တဲ့ စာမျိုးလို့ ထင်မနေကြလေနဲ့ မင်းတို့ ရေးရင်လဲ ဖြစ်တာပါပဲ။ ရေးချင်တာကိုရေးမရေးချင်တာကိုမရေးနဲ့၊ အဲ . . . စာမေးပွဲမှာတော့ မေးခွန်းမှာ ပါလာတာကို ရေးကို ရေးရမှာပဲပေါ့။ ဒါပေမယ့် ကိုယ့်ဘာသာကိုယ်ရေးတာမှာ စာမေးပွဲမှ မဟုတ်ဘဲ ကိုယ်ရေးချင်တာကိုသာရေး။ အဲဒီလို ရေးနေရင်း မင်းတို့ဟာ စာမေးပွဲမှာလဲ ဘာကိုပဲ အရေးခိုင်းခိုင်း ရေးတတ် သွားမယ်ဆိုတာကို ဘဘအာမခံ ဝံ့ပါတယ်။*

*အဖျင်းဆုံး စာရွက်ပေါ်မှာ ချပြီးမရေးရင် တောင်မှ စိတ်ထဲမှာ စာစီစာကုံးတွေကို ရေးနေစေချင်တယ်။ အဲဒီလို စိတ်ထဲမှာ အရေးကျင့်နေရင်း တကယ်ချပြီး ရေးလိုက်တော့ ကောင်းကောင်းရေးတတ်သွားတာပါပဲ။*

*မင်းတို့သတိထားကြည့်ပါလား၊ ဘဘ ရေးပြခဲ့တဲ့ စာစီစာကုံးတွေဟာ ဘာမှထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ မင်းတို့ တွေ့နေကျ မြင်နေကျ အကြောင်းအရာလေးတွေ ချည်းပါပဲ။ မင်း စက်ဘီးစီး သင်စဉ်က စက်ဘီး မမှောက်ခဲ့ဖူးဘူးလား၊ မခိုက်မိခဲ့ဖူးဘူးလား၊ အဲဒါမျိုးတွေကို ပြန်ပြီး ရေးကြည့်ပါလား၊*

www.burmeseclassic.com

www.burmeseclassic.com



*ဒါမှမဟုတ် သစ်ပင် တက်ခဲ့ဖူးသလား၊ ပြန်ဆင်းတော့ မဆင်းနိုင်လို့ ကြောက်နေတာမျိုး မကြုံခဲ့ဖူးဘူးလား၊ အဲဒါမျိုးကိုပဲဖြစ်ဖြစ် ပြန်ပြီးရေးကြည့်ပါလား။ မင်းတို့ရေးချင်တာကို ရေးကြည့်စမ်းပါ။ စာစီစာကုံး ဖြစ်လာပါလိမ့်မည်။ ။*

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကျေးလက်နံနက်စာ

ကျွန်တော်တို့ မနက်စောစော စားရလေ့ရှိသည်မှာ များသောအားဖြင့် ထမင်းကြော်သာ ဖြစ်ပါသည်။ ဖေဖေလည်း ထမင်းကြော်နည်းနည်းစားပြီး ကော်ဖီ သောက်တတ်ပါသည်။ ကျွန်တော်က ကော်ဖီမကြိုက်ပါ။ ထမင်းကြော်ကို ပဲစားပါသည်။ သို့သော် မေမေက တနင်္ဂနွေနေ့တိုင်းလိုလို မနက်ပိုင်း စားစရာ တစ်ခုခု လုပ်ကျွေးလေ့ရှိပါသည်။ များသောအားဖြင့်တော့ မုန့်ဟင်းခါး ချက်တတ်ပါသည်။ ကျွန်တော်တို့ အားလုံးကလည်း မုန့်ဟင်းခါးကို ကြိုက်ကြပါသည်။ မုန့်ဟင်းခါးချက်လျှင် ကျွန်တော်က မုန့်ဖတ်ကို သွားဝယ်ပေးရပါသည်။

မေမေက မုန့်ဟင်းခါးမျိုးစုံကို ချက်တတ်ပါသည်။ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးသာမက မုန့်တီဆန်ဆန်အညာ မုန့်ဟင်းခါး တွေကိုလည်း ချက်တတ်ပါသည်။ အညာမုန့်ဟင်းခါး ချက်လျှင် ကုလားပဲပြုတ် ရသည်က အတော်လေး အချိန်ယူရပါသည်။ ကျွန်တော်က ပဲဟင်းကြိုက်သူ ဖြစ်သောကြောင့် အညာ မုန့်ဟင်းခါးကို ပိုကြိုက် ပါသည်။

ပြီးခဲ့သော တနင်္ဂနွေနေ့ကတော့ မေမေ ကျွန်တော် တို့အား ထူးထူးဆန်းဆန်း လုပ်ကျွေးပါသည်။ စနေနေ့ ညကတည်း ကပင် မေမေက "နက်ဖြန် မင်းတို့ကို စပယ်ရှယ် အညာကျွေးလက် နံနက်စာ ကျွေးမယ်" ဟု ပြောထားပါသည်။ ကျွန်တော်တို့က ဘယ်လိုဟာမျိုးလဲ ဟု မေးသော်လည်း မေမေက မပြောပါ။ "စားရတော့ သိလိမ့်မယ်" ဟုသာ ပြောတတ်ပါသည်။ ကျွန်တော်တို့ က အလွန်သိချင်၍ မေးသော်လည်း မေမေ လုံးမပြောဘဲ ပြုံးနေပါသည်။

နောက်တစ်နေ့ရောက်တော့ မေမေက ခါတိုင်းသုံးနေကျ ဂက်မီးဖိုကို မသုံးဘဲ မီးသွေးကို ဖိုပါသည်။ ကျွန်တော်တို့ မေမေလုပ်သည်ကို ဝိုင်းကြည့်နေကြပါသည်။

မီးဖိုတွင် မီးသွေးအရှိန်ရလာသောအခါ မေမေက ဒန်အိုး အဖုံးတစ်ခုကို ယူလိုက်ပြီး မျှင်ငါးပိအတော်များများလေးကို ဒန်အိုးဖုံးတွင် သေချာကပ်ပါသည်။ ထိုနောက် ဒန်အိုးဖုံးကို မီးသွေးမီးဖိုပေါ်တွင် အသာမှောက်ထားလိုက်ပါသည်။ ခဏ ကြာသောအခါ အနံ့မွှေးမွှေးသင်းသင်းလေး ထွက်လာပါသည်။ မေမေက မကြာခဏ သံညှပ်နှင့် ဒန်အိုးဖုံးကို ကိုင်ပြီးလှန်ကြည့် ပါသည်။

မေမေက ကျွန်တော်တို့ကို ကြက်သွန်ဖြူ အခွံသင်

www.burmeseclassic.com



ထားကြဟု ပြောသောကြောင့် ကျွန်တော်တို့လည်း အားရ ဝမ်းသာ အခွံသင်ကြပါသည်။ ထို့နောက် မေမေက "ညက ထမင်းကို တမင်ပိုပြီးချက်ထားတာ၊ အဲဒီ ထမင်းကြမ်းကို ကိုယ့်ပန်းကန်နဲ့ကိုယ် ခူးထားကြ"ဟုပြောလိုက်သောကြောင့် ကျွန်တော်တို့ ထမင်းကြမ်းကို အသင့် ပြင်ကြရပြန်ပါသည်။ ငါးပိကင်အနံ့ကလည်း မွှေးသည်ထက် မွှေးလာပါသည်။

အတော်လေး ကြာတော့ ငါးပိကင်က ကျက်ပါပြီ။ မေမေက ပန်းကန်တစ်ခုထဲသို့ ငါးပိကင်ကိုထည့်ပြီးနောက်နှမ်းဆီကို အတော်များများထည့်ပါသည်။ ငါးပိကင်ကိုလည်း သေချာ ချေလိုက်ပါသည်။ ထို့နောက် ဆီထပ်ပြီး ထည့်ပြန်ပါသည်။ ပြီးမှ ကျွန်တော်တို့ ထမင်းကြမ်းပန်းကန်ထဲသို့ ငါးပိကင်နှင့်ဆီနည်းနည်းစီ ထည့်ပေးပါသည်။ ကျွန်တော်တို့က ဆားလေး နည်းနည်းလောက် ထည့်ပြီး နယ်ကြရပါသည်။ ကျွန်တော်တို့အတွက်သာမဟုတ် ဖေဖေကြီး အတွက်ကိုလည်း မေမေက တစ်ပန်းကန် သေချာပြင်ပေးပါသည်။ ထို့နောက် လက်ဖက်ရည်ကြမ်းကိုလည်း တစ်ခွက်စီ ချပေးပါသည်။ ပြီးမှ မေမေက "ကဲ - စားကြ၊ အဲဒါ မေမေတို့ ငယ်ငယ်က စားခဲ့ရတဲ့ အညာကျေးလက်နံနက်စာပဲ၊ မင်းတို့ ဖေကြီးလဲ ဒီလိုပဲစားခဲ့ရတာ" ဟု ရယ်ပြီး ပြောပါသည်။

ကျွန်တော်က ငါးပိဖုတ်ကို နည်းနည်းလောက် ယူပြီး လျှာပေါ်တင် ကြည့်လိုက်ပါသည်။ ငါးပိအစိမ်းနံ့ လုံးဝ မရှိတော့ သည့်ပြင် အရသာကလည်း မငန်တော့ဘဲ ချိုချိုမြမြ အရသာမျိုး ဖြစ်နေသည်ကို တွေ့ရပါသည်။

ကျွန်တော်တို့ ငါးပိကင်ကိုယူလိုက်၊ ထမင်းထဲ ထည့်ပြီး စားလိုက်၊ ကြက်သွန်ဖြူကိုက်လိုက်နှင့် အလွန်ကို အရသာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါသည်။ ကျွန်တော်က လက်ဖက်ရည် ကြမ်းကို မကြိုက်ပါ။ သောက်လေ့ မရှိပါ။ မေမေက "သောက်ကြည့်စမ်းပါ၊ ငါးပိဖုတ်နဲ့ လက်ဖက်ရည်ကြမ်းဟာ တွဲဘက်တွေသားရဲ့" ဟုပြောတော့မှ သောက်စမ်းကြည့်လိုက်ရာ အလွန်ကို အရသာ ရှိသွားပါသည်။ ငါးပိကင်တွင် ချိုးကပ်သလို မာမာလေးတွေက ပိုပြီး စားကောင်းသည်ဟု ထင်မိပါသည်။ ဖေဖေကြီးက "စားလို့ကတော့ ကောင်းပေါ့ကွာ၊ ဒါပေမယ့် သိပ်စားလို့ မဖြစ်ဘူး၊ သွေးတိုးမှာ စိုးရတယ်" ဟု ပြောရာ မေမေက "တစ်ခါတလေပဲ ဥစ္စာ၊ ပြီးတော့ သွေးကျဆေးလေး တစ်လုံးလောက် သောက်လိုက်ပေါ့" ဟုပြောသဖြင့် ဖေဖေကြီးလည်း ဝအောင်စားလိုက်ပါတော့သည်။

ကျွန်တော်တို့လည်း ထမင်းကြမ်းတွေ ကုန်သည်ထိအောင် စားပစ်လိုက်ကြရာ အားလုံးဗိုက်တင်းသွားပါတော့သည်။ မေမေက ကျွန်တော်တို့ကို တပြုံးပြုံး ကြည့်နေပါသည်။ ဘယ်လိုနေသည်ကို တစ်ခါမျှ မစားခဲ့ဖူးပါ။ ယခုတစ်ခါမှ စားဖူးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့က နောက်ကျရင်လည်း အညာ နံနက်စာ ကျွေးပါဦးဟု ပြောကြပါသည်။

--------------------------

*အခုရေးလိုက်တဲ့ စာစီစာကုံးကတော့ ဘဘ ကိုယ်တိုင် ငယ်ငယ်က စားဖူးခဲ့ရ ဖူးတာကို လွမ်းလွမ်းရှိတာနဲ့ ရေးလိုက်တာပါပဲ။ အောက်ပြည်အောက်ရပ်က မြို့ကြီးသား ကလေးငယ်တွေဟာ ငပိကင် ငပိဖုတ်ကို သေချာ စားဖူးတယ်လို့ မထင်မိဘူး။ မင်းတို့ကော စားဖူးကြသလား။ မစားဖူးကြသေးရင် မျှင်ငါးပိ*

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကို သေချာကင်ပြီး နှမ်းဆီစစ်စစ်နဲ့ စားကြည့်ကြစေချင်ပါတယ်။ တကယ်ကို အရသာ ရှိပါတယ်။ မင်းတို့ တီဗွီကြော်ငြာထဲက ကော်ဖီမစ်တွေ ဘာတွေထက် အဆများစွာ အရသာရှိနေတာကို တွေ့လာကြပါလိမ့်မယ်။ နောက်ပြီး မင်းတို့ သိတဲ့အတိုင်း ပုစွန်ကို လုပ်ထားတာဖြစ်လေတော့ အဟာရ ဓာတ်လဲ အများကြီး ပြည့်ဝတယ်။ အညာကျေးလက် "နံနက်စာ" ကို တစ်ခါလောက် မြည်းကြည့်ပါလား။ နောက်ပြီး ဘဘရေးသလို မင်းတို့ အတွေ့အကြုံလေးကို စာစီစာကုံးလေး တစ်ပုဒ်ရေးချ လိုက်ပေါ့။

အောင်သင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ကလေးများထံသို့ . . .

PERFECTစာအုပ်တိုက်၏ ပညာဖြန့်ဝေမှု အစီအစဉ်တစ်ရပ်အနေဖြင့် ဆရာကြီးဦးအောင်သင်း၏ "ရွှင်ရွှင်ပြုံးပြုံး စာစီစာကုံး" စာအုပ်လေးကို ကလေးများထံသို့ ပေးပို့လိုက်ပါသည်။

ဤစာအုပ်ထဲတွင်ပါဝင်သော စာစီစာကုံးလေးများမှာ ရွှင်ပြုံးဂျာနယ်တွင် အပတ်စဉ် ထည့်သွင်းခဲ့သော စာစီစာကုံးလေးများအနက်မှ သင့်လျော်ရာတို့ကို ရွေးချယ် စုစည်းထားခြင်းဖြစ်ပါသည်။

အထူးသဖြင့် အလယ်တန်းကျောင်းသားအရွယ် ကလေးလူငယ်တို့အတွက် အလွတ်ကျမှတ်တတ်သော သမားရိုးကျနည်းလမ်းများမှ ကင်းလွတ်၍ မိမိပတ်ဝန်းကျင်မှ နေ့စဉ်ထိတွေ့နေရသော အကြောင်းအရာလေးများကို ကောက်ကာငင်ကာ ရေးစွမ်းနိုင်ရန် ရည်ရွယ်ထားပါသည်။

လတ်ဆတ်သော ရိုးစင်းသောအကြောင်းအရာလေးတွေကို ရေးဖွဲ့ရင်းကပင် ကလေးများ၏ စိတ်ဓာတ်ဖွံ့ဖြိုးမှု . . . စိတ်ထားစင်ကြယ်မှုတို့ကိုပါ ဖြစ်ထွန်းအောင် ဤစာစီစာကုံး လေးများက အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ထား ပါသည်။

ဤစာအုပ်ကို ထုတ်ဝေပြီးနောက် ဆရာကြီး ဦးအောင်သင်း၏ အထက်တန်း ကျောင်းသားများအတွက် အဆင့်မြင့် စားစီစာကုံး စာအုပ်ကို ဆက်လက်ထုတ်ပေပါဦးမည်။


ကျောင်းသားလူငယ်များ

ပညာပြည့်ဝ နှလုံးလှကြပါစေ. . .

PERFECTစာတည်းအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com